## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကိုအနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။

ဓမ္မပဒ


# မြဝတီ

နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချီ မြဝတီ


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၃၉)

၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၄ ရက်၊ ဗုဒ္ဓဟူးနေ့


### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာဆောင်ရွက်ထားရှိမှုများအားစစ်ဆေး

## MNDAA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့အား စက်တင်ဘာ ၂ ရက်တွင် နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာခဲ့ပြီးဖြစ်၊ ၎င်းတို့နှင့်ဆက်နွှယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် လမ်းညွှန်မှာကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။


စာမျက်နှာ ၁၁ ကော်လံ ၃ ●





## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၄ ရက်)

# ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလေ့လာမည်ဆိုလျှင် ထိုနိုင်ငံကထုတ်ပြန်သည့်လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ စာရင်းအင်းအချက်အလက်များကိုဆန်းစစ်လေ့လာခြင်းဖြင့်သိရှိနိုင်သည်။ စာရင်းအင်းအချက်အလက်များမှာ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကိုထင်ဟပ်ဖော်ပြနေခြင်းဖြစ်၍ တစ်နိုင်ငံလုံး၏ စာရင်းအင်းဆိုင်ရာကိန်းဂဏန်းအချက်အလက်များ တိတိကျကျမှန်မှန်ကန်ကန်ရရှိရေးသည် လွန်စွာအရေးကြီးလှသည်။ နိုင်ငံတစ်နိုင်ငံ၏လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်မူဝါဒချမှတ်ခြင်း၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်း စသည့်လုပ်ငန်းများဆောင်ရွက်ရာတွင်အခြေခံအဖြစ်အသုံးပြုရသည့် လူဦးရေဆိုင်ရာကိန်းဂဏန်းအချက်အလက်များကို သန်းခေါင်စာရင်းမှသာရရှိနိုင်မည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းမှာ အလွန်ကျယ်ပြန့်ပြီး လုပ်ငန်းပမာဏကြီးမားရုံသာမက ငွေကုန်ကြေးကျလည်းအလွန်များလှသည်။ ကမ္ဘာ့နိုင်ငံအများစုတွင် (၁၀)နှစ်လျှင်တစ်ကြိမ်သာကောက်ယူကြသည်။ သန်းခေါင်စာရင်းလုပ်ငန်းမှာ လူတစ်ဦးချင်းစီနှင့်သက်ဆိုင်ပြီး မဖြစ်မနေဆောင်ရွက်ရန်လိုအပ်လာခြင်းကြောင့် မှတ်ပုံတင်စာရင်းအင်းအချက်အလက်များပြည့်စုံသည့်ဖွံ့ဖြိုးပြီး နိုင်ငံများမှာပင် သန်းခေါင်စာရင်းကိုပုံမှန်ကောက်ယူလျက်ရှိကြသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအပြီး (၁၀)နှစ်အကြာ ယခု ၂၀၂၄ ခုနှစ်တွင် သန်းခေါင်စာရင်းကို နောက်တစ်ကြိမ်ကောက်ယူရန် အချိန်ကျရောက်လာပြီဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သည် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းအထိမ်းအမှတ်ပြည်သူသို့ပြောကြားသည့် မိန့်ခွန်းတွင် **“ သန်းခေါင်စာရင်းရလဒ်ဟာ နိုင်ငံအတွက်အရေးပါတဲ့အချက်အလက်များဖြစ်သလို မိမိတို့တစ်ဦးချင်းအတွက်လည်း အကျိုးကျေးဇူးရရှိစေမှာလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် လက်ဝယ်ရရှိနေတဲ့အခွင့်အရေးကြီးကို ပြည့်ပြည့်ဝဝရရှိခံစားနိုင်ဖို့အတွက် သန်းခေါင်စာရင်းကိုလူတိုင်းအကောက်ခံကြဖို့လည်းလိုအပ်ပါတယ်။ လူတိုင်းပါဝင်ကြဖို့လည်းလိုအပ်ပါတယ်။ အိမ်ထောင်စုအဖွဲ့အစည်းတိုင်းအတွက် စာရင်းကောက်တွေက အိမ်တိုင်ရာရောက် လာရောက်မေးမြန်းမယ့်မေးခွန်းတိုင်းအပေါ်မှာ သံသယစိတ်၊ စိုးရိမ်ကြောင့်ကြစိတ်များကင်းစွာနဲ့ နောင်အနာဂတ်မျိုးဆက်သစ်တွေအကျိုးအတွက် အမှန်ကိုအမှန်အတိုင်း အမှားအယွင်းမရှိအောင် ယုံယုံကြည်ကြည် ဖြေကြားကြဖို့လိုအပ်ပါတယ်”** ဟူ၍ထည့်သွင်းပြောကြားခဲ့သည်။

သန်းခေါင်စာရင်းမှရရှိသည့်ကိန်းဂဏန်းများမှာ လက်ရှိအစိုးရတစ်ရပ်အတွက်သာမက နောင် အစိုးရအဆက်ဆက်ထိ လက်ဆင့်ကမ်းအမွေပေးရမည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များဖြစ်သည်။ ထိုအချက်အလက်များမှာ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုနယ်ပယ်အဆင့်တိုင်းအတွက် ထိရောက်သည့်ဖွံ့ဖြိုးမှုစီမံကိန်းများရေးဆွဲနိုင်ရန်နှင့်အထောက်အထားအခြေပြုဆုံးဖြတ်ချက်များချမှတ်ရာတွင် မရှိမဖြစ်လိုအပ်သည်။ နိုင်ငံမှာသယံဇာတရင်းမြစ်များ ခွဲဝေသတ်မှတ်ခြင်းများ၊ ဘဏ္ဍာငွေခွဲဝေချမှတ်ခြင်းများ၊ နယ်မြေရေိယာနယ်နိမိတ်များကို ပြန်လည်ဆန်းစစ်ခြင်းများကလည်း လူဦးရေပေါ်မှာပင် အခြေခံရခြင်းဖြစ်သည်။ စာသင်ကျောင်း၊ ဆေးရုံနှင့်ကျန်းမာရေးဌာနများ၊ လမ်း၊ တံတားများ စသည့်အခြေခံအဆောက်အဦများတည်ဆောက်ပေးခြင်းနှင့်သုတေသနလုပ်ငန်းများမှာလည်း သန်းခေါင်စာရင်းကရရှိလာသည့်အချက်အလက်များကို လေ့လာဆန်းစစ်အသုံးပြုနိုင်မှာဖြစ်၍ နိုင်ငံတော်အတွက် များစွာအသုံးဝင်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရန်အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် မဲစာရင်းတိကျမှန်ကန်ရေးလုပ်ဆောင်ရာတွင်လည်း သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုရမှာဖြစ်သည်။ ထို့ပြင်သန်းခေါင်စာရင်းအချက်အလက်များမှာ ကုလသမဂ္ဂ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးမှုပန်းတိုင် (Sustainable Development Goals–SDGs) နှင့် မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan–MSDP) စသည့် ပြည်တွင်းပြည်ပဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအစီအစဉ်များ ဆောင်ရွက်ချက်များကို ဆန်းစစ်လေ့လာရာတွင်လည်း အထောက်အကူပြုစေမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတစ်ဝန်းမှာဆောင်ရွက်တော့မည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းလုပ်ငန်းစဉ်ကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီကောက်ယူနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ ကြိုတင်ပြင်ဆင်သည့်လုပ်ငန်းအဆင့်ဆင့်ကိုလည်း လွန်ခဲ့သည့်နှစ်များကစပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လာသည်မှာ လက်ရှိအခြေအနေတွင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကောက်ယူမည့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှာ ပြည်တွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များကိုအခြေခံပြီး ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေသည့် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ခုဖြစ်ပေရာ “ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ယူစို့”ဟူ၍ တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။ ။

**ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် (၂၆) ရက်သာ လိုတော့သည်။**

# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း ခရိုင်အဆင့်နည်းပြသင်တန်းဖွင့်လှစ်

**သာယာဝတီ စက်တင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းခရိုင်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို စက်တင်ဘာလ ၃ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ သာယာဝတီခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဒုတိယဗိုလ်မှူးကြီးထက်မျိုးအောင်က သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် မူဝါဒများချမှတ်ရန်အတွက် အရေးကြီးသောလူဦးရေနှင့်လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များရရှိနိုင်မည့် စီမံကိန်းလုပ်ငန်းဖြစ်သောကြောင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ကာ အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ပေးအပ်ထားသောတာဝန်များကို မိမိတို့၏ အတွေ့အကြုံ၊ စွမ်းဆောင်နိုင်မှုအရည်အသွေး၊ စိတ်စေတနာကောင်းများနှင့်ပေါင်းစပ်၍ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်းပြောကြားသည်။ ထို့နောက် သင်တန်းသား၊ သင်တန်းသူများအား တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများပေးအပ်ပြီး သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

အဆိုပါသင်တန်းကို သာယာဝတီခရိုင်အတွင်းရှိ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်မြို့နယ်တို့မှ သင်တန်းသား၊ သင်တန်းသူ ၅၄ ဦးတက်ရောက်ပြီး သင်တန်းတွင် နည်းပြဆရာ၊ ဆရာမ လေးဦးတို့ဖြင့် စက်တင်ဘာလ ၃ ရက်မှ ၁၄ ရက်အထိ ၁၂ ရက်ကြာသင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ရွှေသာယာ(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ရေနွေးညသိပ် အဆိပ်ထက်ပြင်း

စာရေးသူထံ နယ်မြို့မှ စာဖတ်ပရိသတ်တစ်ဦးပေးပို့လာသည့် သူ့ကျန်းမာရေးနှင့်ပတ်သက်သော မေးမြန်းချက်တစ်ခုကို ပြန်လည်ဖြေကြားပေးရာတွင် သတင်းစာဖတ်ရှုသူများပါ သိသင့်သိထိုက်သောအကြောင်းအရာဖြစ်သဖြင့် ဆောင်းပါးအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။

မေးမြန်းသူမှာ နယ်မြို့တစ်မြို့မှ စာရေးဆရာ၊ ကဗျာဆရာတစ်ဦးဖြစ်ပြီး ၎င်းမေးမြန်းသည်မှာ–

ဆရာခင်ဗျာ။ ဆရာ့ရဲ့ကျန်းမာရေးဆောင်းပါးတွေကို မကြာခဏဖတ်ရှုတာကြောင့် ကျွန်တော်ကိုယ်တွေ့ကြုံရတဲ့အဖြစ်အပျက်တစ်ခုကို မေးမြန်းလိုပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက ကျွန်တော့်မိတ်ဆွေစာရေးဆရာတစ်ဦးအိမ်ကို စာပေဟောပြောပွဲကိစ္စတိုင်ပင်ဆွေးနွေးဖို့သွားပါတယ်။ ဖြစ်ပုံက ကော်ဖီမစ်ဖျော်တဲ့အခါ ဓာတ်ဘူးထဲက ရေနွေးက ပြီးခဲ့တဲ့ညကထည့်ထားတဲ့ ရေနွေးဖြစ်လို့ သိပ်မပူတော့တာကြောင့် ကော်ဖီမစ်မပျော်ပါ။ ဒါကြောင့် ဖျော်ပြီးကော်ဖီမစ်ကို မတ်ခွက်မှာထည့်ပြီး မီးဖိုနဲ့ ပြန်အပူပေးပါတယ်။ ကော်ဖီတစ်ဝက်လောက်ခန်းသွားပါတယ်။ အဲဒီကော်ဖီမစ်သောက်လာပြီး အိမ်ပြန်ရောက် ညတစ်နာရီခန့်မှာထပြီးအန်ပါတယ်။ စားထားသမျှ အစာမှန်သမျှ အကုန်အန်ပါတယ်။ မနက်ထတော့ နေကောင်းပေမယ့် အစာစားချင်စိတ်မရှိဘဲ နုံးနေပါတယ်။ ကော်ဖီမစ်ကြောင့်ဖြစ်တာလား၊ ဓာတ်ဘူးထဲက ရေနွေးကို ပြန်နွေးသောက်လို့ဖြစ်တာလား သိချင်ပါတယ်ဆရာလို့ စာရေးပြီးမေးမြန်းလာပါတယ်။

စာရေးသူက သတင်းစာ၊ ဂျာနယ်တွေမှာ တိုင်းရင်းဆေးပညာရှုထောင့်ကနေ ကျန်းမာရေးဆောင်းပါးတွေ ရေးသားခဲ့တာ ၁၉၉၂ ခုနှစ်ကနေ ဒီနေ့အထိ အနှစ် ၂၀ ရှိခဲ့ပါပြီ။ မှတ်မိသမျှ ကျန်းမာရေးဆောင်းပါးအပုဒ်ရေ ၁၀၀ လောက်ရေးသားခဲ့ပါတယ်။

တိုင်းရင်းဆေးပညာ ဒါမှမဟုတ် ရိုးရာဆေးပညာအယူအဆရှုထောင့်တွေမှာ အနောက်တိုင်းဆေးပညာနဲ့ ကွာခြားချက်တွေရှိပါတယ်။ တူညီတဲ့အချက်တွေရှိသလို ကွဲလွဲတဲ့အချက်တွေလည်းရှိပါတယ်။ အထူးသဖြင့် လေ (ဝါယော)နဲ့ပတ်သက်တဲ့ အယူအဆတွေမှာ အနောက်တိုင်းဆေးပညာနဲ့မမြင်နိုင်တဲ့ထူးခြားမှုတွေ အများကြီးရှိပါတယ်။

အနောက်တိုင်းဆေးပညာရဲ့ ခန္ဓာဗေဒ(Anatomy) ကို အခုခေတ်မီတိုင်းရင်းဆေးပညာသင်တန်းတွေမှာ သင်ကြားရပါတယ်။ တိုင်းရင်းဆေးပညာ ခန္ဓာဗေဒမှာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသခေါ်တဲ့ ပဥ္စဘုတ်နဲ့ဖွဲ့စည်းထားတဲ့ ကိုယ်ခန္ဓာသုံးဆယ့်နှစ်ကောဋ္ဌာသမှာလှည့်လည်နေတဲ့ လေမျိုးရှစ်ဆယ်၊ ခန္ဓာကိုယ်အနှံ့အပြားမှာ သွားလာလှုပ်ရှား၊ တွန်းကန်၊ ထောက်ပံ့နေတဲ့ လေအမျိုးမျိုးကို အနောက်တိုင်းဆေးပညာရှင်တွေမြင်ရအောင် ဓာတ်မှန်ရိုက်မပြနိုင်ပါဘူး။

တိုင်းရင်းဆေးပညာက အပင်၊ အသီး၊ အရွက်၊ အခေါက်တွေကို အမှုန့်ပြုပြီး ဆေးဖော်တဲ့ ပညာသက်သက်မဟုတ်ပါဘူး။ ဆေးတစ်ခွက်မှ မပေးဘဲ အယူအဆအမှား၊ အနေအထိုင်၊ အစားအသောက်အမှားကြောင့် ရောဂါမဖြစ်ရအောင် ညွှန်ပြကာကွယ်ပေးနိုင်တဲ့ပညာဖြစ်ပါတယ်။ ကာကွယ်ခြင်းက ကုသခြင်းထက် ထိရောက်တယ်မဟုတ်ပါလား။

ကော်ဖီဆိုတာ အတော်အသင့်သောက်ရင် ကောင်းကျိုးတွေရှိပါတယ်။ ဒါပေမဲ့ ကော်ဖီမစ်က ဓာတုဗေဒပစ္စည်းတွေ ရောနှောပါဝင်နေတာသေချာပါတယ်။ ဒီနှစ် မတ်လထုတ် ဇီဝကကျန်းမာရေးမဂ္ဂဇင်းမှာ ဆရာကြီး ဒေါက်တာခင်မောင်ဝင်း(အသည်းအထူးကုဆရာဝန်ကြီး)က ဆွေးနွေးခန်းမှာ Chemical Dye လို့ခေါ်တဲ့ ဓာတုဗေဒဆိုးဆေးတွေ အများကြီးသုံးနေကြတယ်။ ကော်ဖီမစ်မှာ ကော်ဖီပါချင်မှပါမှာ။ အဲဒီတော့ အစားအစာတွေ၊ ဖျော်ရည်တွေ၊ လက်ဖက်တွေအားလုံး ဆိုးဆေးတွေ ချည်းပဲဖြစ်လို့ အစားအသောက်သန့်ရှင်းမှု (Food Hygiene)နဲ့ပတ်သက်ပြီး ကျွန်တော်တို့တွေ အများကြီးပြုပြင်ဖို့လိုပါသေးတယ်လို့ ဆရာကြီးဦးခင်မောင်ဝင်းရဲ့ဟောပြောချက်အရ သိရပါတယ်။

ကျွန်တော့်ရဲ့ တိုင်းရင်းဆေးပညာရှုထောင့်အမြင်ကတော့ ကော်ဖီမစ်ကိုဖျော်တဲ့ ရေနွေးအကြောင်းပြောချင်ပါတယ်။

ရေကို အနောက်တိုင်းကတော့ $H_2O$ ပဲသိကြပါတယ်။ တိုင်းရင်းဆေးမှာတော့ ရေအမျိုးမျိုးရှိပါတယ်။ ရေအေး၊ ရေနွေး၊ သောက်တော်ရေ၊ ပရိတ်ရေ၊ မိုးရေ၊ မိုးခါးရေ၊ မြစ်ရေ၊ ချောင်းရေ၊ တွင်းရေ၊ တောင်ကျရေ၊ ကျောက်တွင်းရေ၊ အင်းအိုင်ရေ၊ ကန်ရေ၊ ကျုံးရေ၊ ရေထွက်ချောင်းရေ၊ စိမ့်စမ်းရေ၊ သဲတွင်းရေ၊ လယ်ကွက်ရေ၊ ကျောက်စက်ရေ၊ ရေနီ၊ ရေပြာ၊ ရေဝါ၊ ရေသော၊ ရေရှင် စတဲ့ရေအမျိုးမျိုး၊ ဂုဏ်သတ္တိအမျိုးမျိုးရှိပါတယ်။ ဒီရေတွေကြောင့် ကျန်းမာတာ၊ မကျန်းမာတာတွေဖြစ်နိုင်ပါတယ်။

ရေကို မီးနဲ့အပူပေးလိုက်တဲ့အခါ ပွက်ပွက်ဆူသွားရင် ရေနွေးလို့ခေါ်ပါတယ်။ ဒီရေထဲမှာ ဥဏှတေဇောဓာတ်ရှိနေတယ်။ ဒီဓာတ်က ဝမ်းမီးတောက်ပြီး အစာကြေစေတဲ့ဓာတ်ပါ။

အဲဒီရေနွေးက အအေးခံထားရင် ရေကျက်အေးဖြစ်သွားပါတယ်။ ပိုးမွှားကင်းစင်ပြီး ဝမ်းကိုထိန်းပါတယ်။ ဝမ်းပျက်၊ ဝမ်းလျှောခြင်းကို ကာကွယ်ပါတယ်။

ဒါပေမဲ့ ခေတ်ပေါ်ဓာတ်ဘူးမှာ ရေနွေးကိုလှောင်ထားတဲ့အခါ အတွင်းက တေဇောဓာတ်ရှိနေသမျှ ရေနွေးဖြစ်နေပါတယ်။ ဓာတ်ဘူးထဲမှာ အချိန်ကြာတော့ တေဇောဓာတ်ပျက်သွားပါတယ်။ ဒီရေနွေးအအေးကို မသောက်သင့်ပါဘူး။ လှောင်ပြီး ဓာတ်ပျက်သွားတဲ့ ရေနွေးပျက်ဖြစ်သွားတဲ့အတွက် သောက်ရင် အစာအိမ်ကိုဒုက္ခပေးပြီး လေအန်စေနိုင်ပါတယ်။ ဓာတ်ဘူးထဲမှာ အေးနေတဲ့ရေနွေးပျက်ကိုသောက်ရင် အန်တတ်ပါတယ်။ ပြန်နွေးသောက်ရင် ပိုဆိုးပါတယ်။ ဓာတ်ပျက်ပြီးသားရေနွေးကို အပူပြန်ပေးရင် တေဇောလွန် ဝါယောပျက်ပြီး သောက်သုံးသူကို အဆိပ်ဖြစ်စေနိုင်ပါတယ်။

တချို့လူတွေ ဓာတ်ဘူးထဲမှာ လက်ဖက်ခြောက်ခတ်ထားပြီးသားရေနွေးကို ညအိပ်ထားပြီးနောက် အမှတ်မထင်သောက်မိတတ်ပါတယ်။ ရေနွေးညသိပ် အဆိပ်ထက်ပြင်းလို့ သိမ်ဖြူဆရာတော်ကြီးက အာယုဗ္ဗေဒသင်ခန်းစာမှာ ပြောဖူးပါတယ်။ အစာအိမ်ထဲမှာ အဆိပ်ဖြစ်ပြီး အော့အန်ခြင်းဖြစ်စေနိုင်ပါတယ်။ ရေနွေးကို ဓာတ်ဘူးနဲ့ထည့်သောက်သူတွေသတိထားစေချင်ပါတယ်။ တခြားသတိထားမိတဲ့အချက်တစ်ခုကတော့ ဓာတ်ဘူးအတွင်းမှာ သုတ်လိမ်းထားတဲ့ပြဒါးတွေက ကြာရင်ပျက်ပြီး ကွက်မည်းလာတာတွေ့ရပါတယ်။ ကျွတ်ထွက်သွားတဲ့ ပြဒါးအမှုန်အစတွေက ရေထဲမှာပါသွားပြီး သောက်သုံးသူရဲ့အစာအိမ်ထဲရောက်သွားရင် ပြဒါးဆိပ်သင့်နိုင်ပါတယ်။

ရေကျက်အေးနဲ့ပတ်သက်လို့ ရှေးက ဆေးကျမ်းတွေမှာ အထောက်အထားနဲ့ရှာကြည့်တဲ့အခါ ယောအတွင်းဝန်ဦးဘိုးလှိုင်ရဲ့ နာမည်ကြီးထင်ရှားတဲ့ ဥတုဘောဇနသင်္ဂဟကျမ်းမှာ တွေ့ရတာက–

ရေကျက်အေး– ဥတုအားလျော်စွာ ချက်အပ်ပြီးသော ရေနွေးကို အေးစေပြီးမှ သောက်အပ်သော အနာတို့ကား ကိုယ်ပူသောအနာ၊ ဝမ်းပျက်နာ၊ သည်းခြေနာ၊ သွေးနာ၊ မူးဝေသောအနာ၊ သေအရက်ယစ်ခြင်း၊ အဆိပ်သင့်ခြင်းတို့ကိုလည်းကောင်း၊ ဆီးချုပ်သော မုတ္တကတ်နာ၊ ပဏ္ဍုနာ၊ ရေငတ်သောအနာ၊ အော့အန်သောအနာ၊ မောပန်းသောအနာ၊ သေအရက်တို့ကို သောက်အားကြီးသောကြောင့်ဖြစ်သောအနာ၊ သန္နိပါတ်အနာတို့ကိုလည်းကောင်း ဤအနာတို့၌ ရေကျက်အေးသည် သင့်၏။

ချက်ပြီး၍ အလိုအလျောက် အေးသောရေကျက်အေးသည် ဒေါသသုံးပါးစလုံးကိုနိုင်၏။ အေး၏။ အဆီဩဇာမရှိ။ သွေးလေအရသာကြောတို့ကို မလေးလံစေတတ်၊ နွမ်းနယ်ခြင်း၊ ရေငတ်ခြင်း၊ အဖျားတို့ကိုနိုင်၏။ ကြေလွယ်၏။ ပေ့ါ၏။

ရေကျက်အေးဟူသည်လည်း နေ့၌ချက်သောရေကို နေ့၌သာသောက်ကောင်းသည်၊ ညဥ့်၌ချက်သောရေကို ညဥ့်၌သာသောက်ကောင်းသည်။ နေ့၌ချက်သောရေကို ညဥ့်၊ ညဥ့်၌ချက်သောရေကို ဤကဲ့သို့အေးအောင်ထား၍သောက်လျှင် ထိုရေ၌ တေဇောဓာတ်ညှံ့သောကြောင့် အစာကြေခဲ၏။ ဝမ်းမီးကိုချက်၍ကျက်လျှင် ချဉ်၏။ ဝမ်းချုပ်၏။ ဒေါသသုံးပါးစလုံးကို ပျက်စေတတ်၏။ ရောဂါခပ်သိမ်းတို့၌ပင်မသင့်။ ရေကျက်အေးကို တစ်ဖန်ရေနွေးလုပ်၍သောက်လျှင်မသင့်။ အဆိပ်နှင့်အတူဖြစ်၏။ ညဥ့်၌ကား ရေနွေးသောက်ခြင်းသည် များစွာအကျိုးရှိ၏။

"ခေတ်ပေါ်ဓာတ်ဘူးမှာ ရေနွေးကိုလှောင်ထားတဲ့အခါ အတွင်းက တေဇောဓာတ်ရှိနေသမျှ ရေနွေးဖြစ်နေပါတယ်။ ဓာတ်ဘူးထဲမှာ အချိန်ကြာတော့ တေဇောဓာတ်ပျက်သွားပါတယ်။ ဒီရေနွေးအအေးကို မသောက်သင့်ပါဘူး။ လှောင်ပြီး ဓာတ်ပျက်သွားတဲ့ ရေနွေးပျက်ဖြစ်သွားတဲ့အတွက် သောက်ရင် အစာအိမ်ကို ဒုက္ခပေးပြီး လေအန်စေနိုင်ပါတယ်။ ဓာတ်ဘူးထဲမှာ အေးနေတဲ့ ရေနွေးပျက်ကိုသောက်ရင် အန်တတ်ပါတယ်။ ပြန်နွေးသောက်ရင် ပိုဆိုးပါတယ်။ ဓာတ်ပျက်ပြီးသားရေနွေးကို အပူပြန်ပေးရင် တေဇောလွန် ဝါယောပျက်ပြီး သောက်သုံးသူကို အဆိပ်ဖြစ်စေနိုင်ပါတယ် . . ."

ညဥ့်၌သောက်ရန် ရေနွေးချက်ပုံကား ရေစိမ်းနံ့ပျောက်၍ ကျက်ရုံ၊ ထက်ဝက်ကြွင်း၊ လေးပုံတစ်ပုံကြွင်း၊ ရှစ်ပုံတစ်ပုံကြွင်းတို့တွင် တစ်မျိုးမျိုးချက်၍သောက်ရာ၏။ ညဥ့်၌ ရေနွေးချက်၍သောက်ခြင်းသည် သလိပ်နာ၊ လေနာ၊ အစာမကြေသောအနာ၊ အဆီခဲသောအနာတို့ကိုနိုင်၏။ ဝမ်းမီးကို တောက်စေတတ်၏။ ဆီးကိုရှင်စေတတ်၏။ ချောင်းဆိုးနာ၊ ပန်းနာ၊ အဖျားတို့ကိုနိုင်၏။ ရေစိမ်းကိုသောက်လျှင် တစ်ပဟိုရ်မှကြေ၏။ ရေကျက်အေးကိုသောက်လျှင် တစ်ပဟိုရ်၏ထက်ဝက်မျှနှင့်ကြေ၏။ ကျက်ပြီးသောရေနွေးကိုသောက်လျှင် တစ်ပဟိုရ်၏လေးပုံတစ်ပုံမျှနှင့်ကြေ၏။

ထို့ပြင် ရေအမျိုးမျိုးတို့၏အကျိုးအပြစ်ကိုလည်း ဖော်ပြထားရာတွင် အဆင်း၊ အနံ့၊ အရသာမထင်ရှားသော၊ အလွန်အေးသော၊ ကြည်လင်သော၊ ပေ့ါသောရေအေးသည် နှလုံးကို နှစ်သက်စေတတ်၏။ ရေငတ်ခြင်းကို ပျောက်စေတတ်၏။ ဂုဏ်အပေါင်းနှင့်ပြည့်စုံ၏။ ကျိုသော၊ ပျစ်ချွဲသောပိုးတို့ဖြင့် ပြွမ်းသော ရွှံ့ညွန်၊ သစ်ရွက်၊ မှော်တို့ဖြင့်ပြည့်သော၊ အနံ့မကောင်းသောရေကို မသောက်အပ်၊ မိုးဦးကျအခါ၌ ရွာသောရေကို ချိုးမိလျှင် ရေငတ်သောအနာ၊ ဝမ်းရောင်နာ၊ ရှည်ကြာစွာဖျားသောအနာ၊ ချောင်းဆိုးနာ၊ ဝမ်းမီးပျက်သောအနာ၊ အကြောတို့လေးလံခြင်းစသည်တို့ဖြစ်တတ်ကုန်၏။

ဒါတွေက ယောမြို့စားအတွင်းဝန် ဦးဘိုးလှိုင်ရဲ့နာမည်ကျော် ဥတုဘောဇနသင်္ဂဟကျမ်းမှာ ဖော်ပြထားတဲ့ ရေနွေး၊ ရေကျက်အေး၊ ရေအေးတို့နဲ့ပတ်သက်တဲ့ သိမှတ်ဖွယ်ရာဗဟုသုတတွေဖြစ်ပါတယ်။

နောက်ဆုံးတင်ပြလိုတာကတော့

- ရေနွေးကျိုတဲ့အခါမှာ ဆူပွက်ပြီး ကျက်အောင်ကျိုပါ။
- ကော်ဖီဖျော်ရင် ခြောက်နာရီအတွင်း ကျိုချက်ထားတဲ့ရေနွေးနဲ့ဖျော်ပါ။
- ဓာတ်ဘူးထဲက ရေနွေးနဲ့ဖျော်ရင် ခြောက်နာရီထက်ကျော်ပြီး ဓာတ်ဘူးထဲမှာ လှောင်ထားတဲ့ ရေနွေးကို မသုံးသင့်ပါ။
- ဓာတ်ဘူးထဲမှာ အေးပြီးသားရေနွေးကို ဓာတ်ပျက်ရေနွေးဖြစ်လို့ ပြန်နွေးပြီး မသုံးပါနဲ့။ ပြန်ကျိုချက်ပြီး မသုံးပါနဲ့။
- ညသိပ်ရေနွေး၊ ရေနွေးကြမ်းဟာ အဆိပ်ဖြစ်လို့ အစာအိမ်ကို ကမောက်ကမဖြစ်စေနိုင်ပါတယ်။
- ရေနွေးသောက်ပြီး တစ်နာရီအတွင်းမှာ ရေအေးမသောက်ပါနဲ့။ ရေအေးသောက်ပြီး တစ်နာရီအတွင်းမှာ ရေနွေးမသောက်ပါနဲ့။

**ကြည်လွင်မြင့်(မုဒြာ)**

# (၁၂)ကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲကျင်းပ

မုဒုံ စက်တင်ဘာ ၃

မွန်ပြည်နယ် မုဒုံမြို့နယ်၌ (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို စက်တင်ဘာလ ၃ ရက်တွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၃၈ ဦးက ကလေးသူငယ် ချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွားခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ကြရာ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(မော်လမြိုင်) တပ်ဖွဲ့စုမှူး ရဲမှူးမိုးဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်ဇော်ဝင်း၊ မြို့နယ်ပညာရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို စက်တင်ဘာလ ၁၃ ရက်တွင် မော်လမြိုင်မြို့၌ ကျင်းပမည့် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

''ငပသုန်ရွာသည် အဖေ၏ရွာဖြစ်သည်။ ကျွန်တော့်ချက်ကြိုးမြှုပ်ရာ ရွာလည်းဖြစ်သည်။ ကျွန်တော်ငယ်ငယ်က အဖေ မိမိဇာတိမြေကို လှေလှော်ပြီး သွားရာတွင် အဖေနဲ့အတူ နှစ်ကြိမ်တိတိရောက်ဖူးသည်။ ခုဆို မရောက်တာနှစ်အတော်ကြာပေပြီ။ သို့ဖြစ်၍ အဖေ၊ အမေတို့ ကျွန်တော့်ကို ဘာမပြော ညာမပြော ရပ်ပြောင်းရွာပြောင်းပြုသွားကြသည်ကို ကျွန်တော်အံ့ဩခြင်းနှင့်အတူ စိုးရိမ်စိတ်လည်းရှိနေခဲ့သည်။ ကျွန်တော် ရောက်လိုဇောနဲ့ လှော်တက်ကို ခပ်တင်းတင်းဆွဲခတ်လိုက်သည်။ ကူးတို့သည်လည်းလှော် ကျွန်တော်ကလည်း လှော်ဆိုတော့ ကူးတို့လှေ တော်တော်ပြေးအားကောင်းသွားသည်. . .''

**ယမန်နေ့မှအဆက်**

ဤတုံးကျီတောင်တန်းသည် နောင်တော်တောင်တန်းကြီးနှင့်ဆိုလျှင် တုံးကျီမြစ်ပြင်ကျယ်ကြီး၏ ဟိုဘက်ခြမ်း ဒီဘက်ခြမ်းပင်ဖြစ်သည်။ တုံးကျီသည်လည်း နောင်တော်နဲ့ခေတ်ပြိုင် မြန်မာနိုင်ငံလွတ်လပ်ရေးမရမီကပင် ရပ်ရွာတည်ထောင်ပြီး နေထိုင်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီးနောက်တွင် သူခိုး၊ ဓားပြတို့၏ရန်ကြောင့် ပြိုပျက်ခဲ့ရပြီး ကုက္ကိုရွာသို့ ပြောင်းရွှေ့သွားခဲ့ကြသည်။

တုံးကျီသင်္ဘောဆိပ်မှာ မြေပုံမြို့နယ်အဆုံး အနားသပ်သင်္ဘောဆိပ်ဖြစ်သည်။ ဤဆိပ်ကမ်းသည် ပင်လယ်ပြင်ထွက်ပေါက်လည်းဖြစ်သည်။ ကျောက်ဖြူမြို့နယ်နှင့် မြေပုံမြို့နယ်တို့၏ ကြားစခန်းလည်းဖြစ်သည်။ ဤသင်္ဘောဆိပ်သည် မြေပုံမြို့နယ်အတွင်း ပင်လယ်ကမ်းခြေကျေးရွာများဖြစ်သော လူပျိုတောင်ရှည်ရွာ၊ ကုက္ကိုရွာ၊ တုံးကျီရွာ၊ နောင်တော်ရွာ၊ ငပသုန်ရွာ၊ ကျွန်းသာယာရွာ၊ ပြင်ချောင်းရွာ၊ ပြင်ဝန်းရွာ၊ အုန်းချောင်းရွာသားများမှ မြို့ပြပြည်ရွာများသို့ သွားလိုသည့်အခါ သင်္ဘောဖြင့်လိုက်ပါစီးနင်းနိုင်ရန်အတွက် အင်္ဂလိပ်တို့အုပ်စိုးစဉ်ကာလကပင် စီစဉ်ထားခဲ့ခြင်းဖြစ်ပေသည်။ ဤရွာများမှာလည်း တုံးကျီသင်္ဘောဆိပ်နှင့် နီးသည်တော့မဟုတ်ပေ။ တစ်နေကုန်လှော်ခတ်သွားလာမှသာရောက်သည်။

ကျွန်တော် သင်္ဘောပေါ်က ဆင်းလိုက်ချိန်တွင် ကူးတို့လှေပေါ်၌ ကျွန်တော်တစ်ယောက်တည်းသာရှိသည်။ တခြားခရီးသည်များမှာ ကိုယ့်ရွာက လှေဖြင့်သာလာကြို၍ လိုက်ပါသွားကြပြီးဖြစ်သည်။ ကျွန်တော်သည် ကမ်းသို့တက်ပြီး ကူးတို့တဲကလေးမှာ ခဏနားပြီး ငပသုန်ရွာသို့ ပို့ခိုင်းလိုက်တော့သည်။

ငပသုန်ရွာသည် အဖေ၏ရွာဖြစ်သည်။ ကျွန်တော့်ချက်ကြိုးမြှုပ်ရာ ရွာလည်းဖြစ်သည်။ ကျွန်တော်ငယ်ငယ်က အဖေ မိမိဇာတိမြေကို လှေလှော်ပြီး သွားရာတွင် အဖေနဲ့အတူ နှစ်ကြိမ်တိတိရောက်ဖူးသည်။ ခုဆို မရောက်တာနှစ်အတော်ကြာပေပြီ။ သို့ဖြစ်၍ အဖေ၊ အမေတို့ ကျွန်တော့်ကို ဘာမပြော ညာမပြော ရပ်ပြောင်းရွာပြောင်းပြုသွားကြသည်ကို ကျွန်တော်အံ့ဩခြင်းနှင့်အတူ စိုးရိမ်စိတ်လည်းရှိနေခဲ့သည်။ ကျွန်တော် ရောက်လိုဇောနဲ့ လှော်တက်ကို ခပ်တင်းတင်းဆွဲခတ်လိုက်သည်။ ကူးတို့သည်လည်းလှော် ကျွန်တော်ကလည်း လှော်ဆိုတော့ ကူးတို့လှေ တော်တော်ပြေးအားကောင်းသွားသည်။

ငပသုန်မြစ်ဆိပ်သို့အရောက်တွင် ကျွန်တော်သည် ကူးတို့သည်ကို ကူးတို့ခပေးပြီး မြစ်ကမ်းခြေ အုန်းပင်တန်းကိုဖြတ်ကျော်ပြီး ရွာထဲသို့ဝင်လိုက်သည်။ နေဝင်ဆည်းဆာချိန်ဖြစ်သည့်အပြင် မရောက်တာလည်း ကြာပြီဖြစ်၍ ယောင်လည်လည်ဖြစ်နေမိသည်။ နောက်ဆုံး လမ်းဘေးမှာတွေ့သည့်အိမ်တစ်အိမ်သို့ဝင်ပြီး အကျိုးအကြောင်းကိုပြောပြီး အဖေနှင့်အမေတို့ကို မေးကြည့်လိုက်၏။

"ဩော် မောင်အေးစိန်သားကိုး ကျောက်ဖြူမြို့မှာ ကျောင်းနေတယ်ပြောတာလား"

"ဟုတ်ပါတယ်ခင်ဗျာ ကျောင်းပိတ်ပြီးလို့ အဖေနဲ့ အမေတို့ဆီ ပြန်လာတာပါ"

"ဟုတ်တယ် သူတို့တွေ ဒီရောက်ပြီး သူ့အစ်ကိုအိမ်မှာ တစ်ပတ်လောက်ပဲနေခဲ့တာလေ"

အသက်ခပ်ကြီးကြီးလူကြီး၏အပြောကို ရင်ခုန်မောလျှစွာ ကျွန်တော်နားထောင်နေမိသည်။

"အဲဒါ သားရယ် သားတို့အဖေမှာ ဘိုးဘွားလက်ထက်ကပင် လယ်ကွက်တွေအမွေရှိတယ်ဆိုတဲ့ ရွာဟောင်းပြင်ဘက်မှာ တဲတစ်လုံးဆောက်ပြီး နေကြလေရဲ့"

"တော်တော်လှမ်းလား"

"သုံးမိုင်လောက်တော့ ရှိလောက်တယ်"

"ကျွန်တော် ခု သွားလိုက်ချင်တယ် အဖေ၊ အမေတို့ဆီ ဘယ်လိုသွားရမလဲဗျာ"

"ညလည်းမှောင်နေပြီ၊ လမ်းကလည်း သိပ်ကောင်းတာမဟုတ်ဘူး၊ ပင်လယ်ကမ်းခြေ ကျောက်တုံး ကျောက်တန်းတွေကြားက သွားရတာမလွယ်ဘူး၊ သားတစ်ယောက်တည်းဆို အဆင်မပြေဘူး၊ ဒီကပဲ လိုက်ပို့ပေးမယ်နော်"

"အားနာစရာကြီးဖြစ်သွားပြီဗျာ"

"ရတယ် သား သားအဖေနဲ့ဦးက ဆွေမကင်း မျိုးမကင်းပါပဲ"

"ဦးရယ် ကျွန်တော့်စာအုပ်ထုပ်တော့ ဦးအိမ်မှာပဲ ခဏထားခဲ့ပါရစေ၊ ခရီးကလှမ်းတယ်ဆိုတော့ သယ်ရတာ အဆင်ပြေမယ်မထင်လို့ပါ"

"ရတယ်လေကွယ် ထားခဲ့ ထားခဲ့"

ကျွန်တော်သည် လူကြီး၏နောက်က လိုက်သွားလိုက်သည်။ အုန်းပင်တန်းသဲဖြူလမ်းနှင့် မြစ်ကမ်းစပ်ဘက် ဆင်းလိုက်ကြသည်။ မြစ်ရေပြင်ပေါ်က ယက်လှိုင်းများ ကမ်းစပ်တွင် ပြေးတက်ပြေးဆင်းပြုနေကြသည်။ မှောင်ရီပျိုးနေပြီဖြစ်၍ ဟိုးဝေးဝေးက မြစ်ပြင်ကျယ်ကြီးကို မြင်နိုင်လောက်သည့်အလင်းရောင်ပင် မရှိတော့ပေ။ ၁၅ မိနစ်ခန့်လျှောက်လိုက်ချိန်တွင် ကမ်းခြေချိုင့်ဝှမ်းလိုနေရာသို့ ရောက်လာသည်။ လှေတွေအများကြီးပဲ ကိုယ့်ချည်တိုင်လေးနဲ့ကိုယ် အစီအရီရှိနေကြသည်။

"ဒါက လောင်းထားချိုင်လို့ခေါ်တယ်၊ လေကွယ် လှိုင်းကွယ်နေရာပေါ့။ ပိုက်နားချိန်တွေဆို လှေတွေ သိမ်းထားတဲ့နေရာပေါ့ကွယ်"

"ဟုတ်ကဲ့"

ကျွန်တော့်ရင်မှာ အဖေ၊ အမေတို့ဆီ ရောက်လိုစိတ်၊ ညီလေးတွေနှင့် ညီမလေးကို တွေ့ချင်စိတ်က ခပ်ပြင်းပြင်းလှုံ့ဆော်နေသည်။ သိပ်မကြာ ကျောက်တန်းတစ်ခုကို ကျော်ဖြတ်လိုက်ကြရသည်။

"ဒါကတော့ ကုလားမကျောက်တန်းလို့ ခေါ်တယ်ကွဲ့"

"ဩော် ဟုတ်ကဲ့"

ကုလားမကျောက်တန်းဆိုသည့် နေရာကနေ ကျောက်တောင်မော်စွန်းတစ်ခုကို ကျော်လိုက်သည့်အခါ သဲဖြူလမ်းနှင့် အုန်းပင်တန်းကိုကွေ့ပြီး မြစ်ကမ်းခြေလှေဆိပ်တစ်ခုကိုပါ တွေ့လိုက်ရသည်။

"ဒီနေရာကိုတော့ ရွှေတူချိုင်လို့ခေါ်တယ်ကွဲ့၊ အုန်းပင်တန်းရဲ့နောက်ကျောမှာ လယ်ကွင်းကလေးရှိတယ်"

ကျွန်တော့်မှာ ကိုယ့်မိသားစုဆီရောက်လိုစိတ်က ဆန္ဒစောနေပေရာ ဦးလေးကြီးနောက်က ဖဝါးခြေထပ်ဆိုသလို လိုက်ပါနေခဲ့သည်။

"ရွှေတူချိုင်" ဆိုသည့် ပင်လယ်ကမ်းစပ်ကနေရာသို့ရောက်ချိန်တွင် ကဗျာသမား၊ စာသမား ကျွန်တော့်အသိထဲ အာရုံတစ်ခု ဖျတ်ခနဲဝင်ရောက်သွားသည်။

ဒီမှာ ငပသုန် ရွှေတူချိုင်၊ ဟိုမှာ ငပလီ ရွှေဝါချိုင်။

အကုန်လုံးပင်လယ်ကမ်းခြေ အရပ်ဒေသများပင် မဟုတ်ပါလော။ ဟိုမှာတော့ လူရည်ချွန်စခန်း၊ ဒီမှာတော့ ရေတံငါတို့နားခိုရာ ရေတံငါစခန်း။ ငပလီ ရွှေဝါချိုင်ကတော့ သံတွဲမြို့ပြ၏ ပင်လယ်ကမ်းခြေနေရာ။ ငပသုန်ရွှေတူချိုင်ကတော့ မြေပုံမြို့နယ်လေးထဲက မြို့ပြနဲ့အလှမ်းဝေးလွန်းသည့် ပင်လယ်ပြင်ကြီးထဲက ကျွန်းကလေး။

**ဆက်လက်ဖော်ပြပါမည်။**

## ကျိုက်လတ်မြို့နယ် ကျုံခရမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ကျိုက်လတ် စက်တင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြံခင်းစုကျေးရွာအုပ်စု ကျုံခရမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာလ ၃ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။



အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရရှိန်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရှိလုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး လမ်းရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျုံခရမ်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၆၄၀၊ အကျယ် ၆ ပေ၊ ထု ၆ လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများအနက် ငွေကျပ် ၁၀ ဒသမ ၀၃ သန်းနှင့် ကျေးရွာပြည်သူများ၏ လုပ်အားဖြင့် ဇူလိုင်လတတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကိုလှိုင်**

## ကျိုက်ထိုမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ အွန်လိုင်းမှတစ်ဆင့် ဈေးဝယ်ယူခြင်းနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေး

ကျိုက်ထို စက်တင်ဘာ ၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းကာ အွန်လိုင်းမှတစ်ဆင့် ဈေးဝယ်ယူခြင်းနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာလ ၃ ရက်တွင် မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က အသိပညာပေးဆွေးနွေးပွဲ (Talk Show) အစီအစဉ် ပြုလုပ်ရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်မင်းက အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း၏အဓိပ္ပာယ်၊ အွန်လိုင်းမှတစ်ဆင့် ဈေးဝယ်ယူခြင်းနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်၊ လိမ်လည်မှုပုံစံ၊ တိုင်ကြားနိုင်သည့်နည်းလမ်းနှင့် ဖြေရှင်းသည့်နည်းလမ်း၊ အွန်လိုင်းစနစ်ရောင်းချမှုနှင့်ပတ်သက်၍ စိစစ်သင့်သည့်အချက်များ၊ အွန်လိုင်းရောင်းချမှုလုပ်ငန်းများမှ ဈေးဝယ်ယူခြင်းဖြင့် ရရှိသောအကျိုးရလဒ်စသည်တို့ကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးသည်။

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အသိပညာပေးဆွေးနွေးပွဲ (Talk Show) အစီအစဉ်များ ရိုက်ကူးထုတ်လွှင့်ခြင်းအပါအဝင် ပြည်သူအသိပညာပေးဝန်ဆောင်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ကြီးမြို့၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့သွားရောက်ကြည့်ရှုစစ်ဆေး၊ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆေးကုသမှု ခံယူလျက်ရှိသည့် ဒေသခံပြည်သူ တစ်ဦး၏ ကျန်းမာရေး အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆေးကုသမှု ခံယူလျက်ရှိသည့် ဒေသခံပြည်သူ တစ်ဦး၏ ကျန်းမာရေး အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးက ဆေးရုံ၏သမိုင်းအကျဉ်း၊ အဆောက်အဦများဆောက်လုပ်ထားရှိမှုနှင့် လူနာဆောင်သစ်များ ဆောက်လုပ်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် စက်တင်ဘာ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ရှိ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးနှင့် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အရေးပေါ်ကုသဆောင်တွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကိုကြည့်ရှု၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး

စာမျက်နှာ ၆ သို့ ◆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**ပြည်သူတိုင်းကျန်းမာရန်လို၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်၊ ဆေးရုံများသည် ပြည်သူများအတွက် အားကိုးဖွယ်ရာဖြစ်အောင် ဆောင်ရွက်ကြရန်လို၊ ပြောဆိုဆက်ဆံမှုမှအစ ကုသစောင့်ရှောက်မှုအပိုင်းများတွင်ပါ စနစ်တကျရှိစေလို၊ ဆေးရုံသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် နေရာတစ်ခုဖြစ်သဖြင့် သန့်ရှင်းသပ်ရပ်နေရန်လို . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် စဝ်စံထွန်းဆေးရုံကြီးအဆောက်အဦများ၊ စက်ပစ္စည်းများနှင့်ပတ်သက်သော မှတ်တမ်းစာအုပ်များအား ကြည့်ရှုစဉ်။

◆ စာမျက်နှာ ၅ မှအဆက်

စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် ဆေးရုံကြီး အစည်းအဝေးခန်းမတွင် ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးက ဆေးရုံ၏သမိုင်းအကျဉ်း၊ အဆောက်အဦများ ဆောက်လုပ်ထားရှိမှုနှင့် လူနာဆောင်သစ်များ ဆောက်လုပ်ထားရှိမှု၊ ကင်ဆာရောဂါကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လအလိုက် ဆေးကုသမှုလုပ်ငန်းများဆောင်ရွက်နေမှု၊ အထူးကြပ်မတ်ကုသမှုများ ဆောင်ရွက်နိုင်မှု၊ ခွဲစိတ်မှန်လုပ်ငန်းများဆောင်ရွက်နိုင်မှု၊ ခွဲစိတ်ရောင်ခြည်ကုသမှုများဆောင်ရွက်နိုင်မှုနှင့် ကင်ဆာကုသခြင်းလုပ်ငန်းအတွက် စက်ကိရိယာများ ထပ်မံလိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည့် စက်ကိရိယာများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက်ပစ္စည်းများအသုံးပြု၍ ကုသမှုများဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ ဆေးရုံများအနက် လိုအပ်ချက်ရှိသည့် ဆေးရုံများကို အဆင့်မြှင့်တင်မှုများနှင့်တိုးချဲ့မှုများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း နယ်မြေအတွင်းနေထိုင်သည့် ပြည်သူများ၏ လူဦးရေကို တွက်ချက်၍ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆေးရုံတိုးချဲ့တည်ဆောက်ရန်အတွက်လိုအပ်သည့် မြေနေရာများကိုလည်း စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ဆေးရုံများတွင် ကျန်းမာရေးဝန်ထမ်းများ၏ နေအိမ်များ ထည့်သွင်းတည်ဆောက်ပေးထားရန်လိုကြောင်း၊ ဆေးရုံများအတွက်လိုအပ်သည့် ပါရဂူများကိုလည်း ခန့်အပ်တာဝန်ပေးရမည်ဖြစ်ကြောင်းပြောကြား၍ ဆေးရုံ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြည်သူတိုင်းကျန်းမာရန်လိုကြောင်း၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှအလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ ငယ်ရွယ်စဉ်ကတည်းကပင် အခြေခံကောင်းများရှိရန် လိုကြောင်း၊ ထို့ကြောင့်အစားအသောက်မှအစ ဂရုတစိုက်ဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာရေးနှင့် ပတ်သက်၍ စနစ်တကျဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဆေးရုံများသည် ပြည်သူများအတွက် အားကိုးဖွယ်ရာဖြစ်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြောဆိုဆက်ဆံမှုမှအစ ကုသစောင့်ရှောက်မှုအပိုင်းများတွင်ပါ စနစ်တကျရှိစေလိုကြောင်း၊ ဆေးရုံသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် နေရာတစ်ခုဖြစ်သဖြင့် သန့်ရှင်းသပ်ရပ်နေရန်လိုကြောင်း၊ အညစ်အကြေးစွန့်သည့် စနစ်များကိုလည်း အနံ့အသက်များကင်းရှင်းစေရေး ဆောင်ရွက်ရန်လိုကြောင်း၊၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစဉ်။

ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေသူများဖြစ်သဖြင့် ဝတ်စားဆင်ယင်မှုများ ကောင်းမွန်နေရန်လိုကြောင်း၊ ဆေးရုံသို့လာရောက်ကုသသည့် ပြည်သူများအနေဖြင့် မိမိတို့ဆေးရုံသို့ လာရောက်ချိန်တွင် အားကိုးသည့်စိတ်များဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ကုသမှုပေးရာတွင်လည်း ကောင်းမွန်စွာဖြင့် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ဆေးရုံတက်ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သည့် အစာအာဟာရများရရှိစေရေး စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏နေထိုင်မှု အဆင်ပြေရေးအတွက်လည်း တတ်နိုင်သလောက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ်သစ္စာရှိစွာဖြင့်တာဝန်ထမ်းဆောင်ပြီး ပြည်သူများမှအားကိုးရသည့် ကျန်းမာရေးဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့်စဝ်စံထွန်းဆေးရုံကြီးအဆောက်အဦများ၊ စက်ပစ္စည်းများနှင့်ပတ်သက်သော မှတ်တမ်းစာအုပ်များအား ကြည့်ရှုပြီး တာဝန်ရှိသူများအား မှတ်တမ်းများကိုစနစ်တကျဖြင့် ထိန်းသိမ်းရန် မှာကြားသည်။

အဆိုပါ စဝ်စံထွန်းဆေးရုံကြီးကို ၁၉၅၇ ခုနှစ်တွင် ဝန်ထမ်းတပ်မဟာ အမှတ်(၁) (Rehabilitation Brigade No.1)မှတပ်ရင်းမှူး ဗိုလ်မှူးချုပ်မောင်လွင် (B.Sc Engineering) က ဦးဆောင်၍ ရုရှား-မြန်မာချစ်ကြည်ရေးအတွက်ရည်ရွယ်ကာ ဆိုဗီယက်ပြည်ထောင်စုနိုင်ငံ၏ စီးပွားရေးနှင့် ကျွမ်းကျင်သူပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆောက်အဦအားလုံးအတွက် ငွေကျပ်သိန်း ၄၀ ကုန်ကျခဲ့ပြီး ၁၉၆၁ ခုနှစ်၊ ဇွန်လတွင် စဝ်စံထွန်းဆေးရုံကြီးအား စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ပထမဦးဆုံး ဆေးရုံအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူမှာ ဒေါက်တာစဝ်နော်ခမ်းဖြစ်ပြီး ရှမ်းပြည်နယ်တွင် တစ်ခုတည်းသောဆေးရုံကြီးဖြစ်ခဲ့ကြောင်း၊ စတင်ဖွင့်လှစ်ခဲ့ချိန်တွင် ခုတင်-၂၀၀ ဆံ့ဆေးရုံဖြစ်သော်လည်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်တွင် ခုတင်-၅၀၀ ဆံ့ဆေးရုံကြီးအဖြစ် တိုးမြှင့်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစဉ်။

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသော အဆင့်များ၊ ဘာသာရပ်များ၊ အဆိုနှင့်အတီးဘာသာရပ်များအတွက် စံတေးသီချင်းအမည်များ

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို နေပြည်တော်ကောင်စီနယ်မြေ၌ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့မှ ၂၃ ရက်နေ့အထိ နိုင်ငံတော်အဆင့်အဖြစ် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသော ပူးတွဲဖော်ပြပါ အဆင့်များ၊ ဘာသာရပ်များ၊ အဆိုနှင့် အတီးဘာသာရပ်များအတွက် စံတေးသီချင်းအမည်များကို ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် ဖော်ပြအပ်ပါသည်-

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရမည့် အဆင့်နှင့်ဘာသာရပ်များ

၁။ ၂၀၂၄ ခုနှစ်၊(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အောက်ဖော်ပြပါအဆင့်များဖြင့် ယှဉ်ပြိုင်ရန် သတ်မှတ်ထားပါသည် -

(က) ဝါသနာရှင်(ပထမတန်း)အဆင့်
(ခ) ဝါသနာရှင်(ဒုတိယတန်း)အဆင့်
(ဂ) အဆင့်မြင့်ပညာအဆင့်
(ဃ) အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်
(င) အခြေခံပညာ(အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း)အဆင့်

၂။ ၂၀၂၄ ခုနှစ်၊(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အောက်ဖော်ပြပါဘာသာရပ်များဖြင့် ယှဉ်ပြိုင်ရန်သတ်မှတ်ထားပါသည် -

(က) **အဆိုပြိုင်ပွဲ**
(၁) မဟာဂီတ(အဆင့်အားလုံး)၊
(၂) ခေတ်ဟောင်းတေး/ကာလပေါ်(အဆင့်အားလုံး)၊
(၃) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲ{ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်}။

(ခ) **အကပြိုင်ပွဲ**
(၁) အကပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)(အဆင့်အားလုံး)၊
(၂) မြန်မာအကအခြေခံကဗျာလွတ်အက(ပထမအဆင့်)(အမျိုးသမီး)၁၆ ဦး၊ ယိမ်းအကပြိုင်ပွဲ (အခြေခံပညာအသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်)
(၃) တိုင်းရင်းသားရိုးရာအက/ကျေးလက်ရိုးရာအကပြိုင်ပွဲ(တစ်ဖွဲ့လျှင်၁၆ဦး၊ ကြာမြင့်ချိန် အနည်းဆုံး ၅ မိနစ်မှ ၁၀ မိနစ်ထက်မပိုသော တေးသီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန်)၊
(၄) ချင်းတိုင်းရင်းသားရိုးရာအကပြိုင်ပွဲ(၁၆ - ဦး)၊(အမျိုးသား ၈ ဦး၊ အမျိုးသမီး ၈ ဦး)
(၅) ဇာတ်တော်ကြီးပြိုင်ပွဲ၊ဝါသနာရှင်(ပထမတန်း)အဆင့်တွင် မဟာဇနကဇာတ်တော်ကြီး (ပြိုင်ပွဲဝင်ရန်သတ်မှတ်ချိန်မှာ ၃ နာရီဖြစ်ပြီး ပြိုင်ပွဲဝင်အင်အားမှာ တစ်ဖွဲ့လျှင် ဆိုင်ပြောနှင့် အခြားပညာရှင် ၃၀ ဦး၊ ဆိုင်း ၇ ဦး စုစုပေါင်း ၃၇ ဦးယှဉ်ပြိုင်ရန်)၊
(၆) ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ၊ ဝါသနာရှင်(ပထမတန်း)အဆင့်တွင် ဝေဿန္တရာဇာတ်တော်ကြီး ( ပြိုင်ပွဲဝင်ရန်သတ်မှတ်ချိန်မှာ ၁နာရီ ၃၀ မိနစ်ဖြစ်ပြီး ပြိုင်ပွဲဝင်အင်အားမှာ တစ်ဖွဲ့လျှင် ကြိုးဆွဲနှင့်ဆိုင်ပြောပညာရှင် ၁၃ ဦး၊ ဆိုင်း ၇ ဦး စုစုပေါင်း ၂၀ ဦးယှဉ်ပြိုင်ရန်)၊
(၇) ရုပ်သေးကြိုးဆွဲပြိုင်ပွဲ၊ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး) (မင်းသားနှင့် ဇော်ရုပ်တို့ဖြင့်ယှဉ်ပြိုင်ရန်)၊
(၈) ကွက်စိပ်ပြိုင်ပွဲ
- ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား)၊ မဟာသုတသောမဇာတ်
- ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား)၊ သမုဒ္ဒဝါဏိဇဇာတ်

(ဂ) **အရေးပြိုင်ပွဲ**
(၁) ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား/အမျိုးသမီး)
(၂) ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသား/အမျိုးသမီး)
(၃) အဆင့်မြင့်ပညာအဆင့် (အမျိုးသား/အမျိုးသမီး)
(၄) အခြေခံပညာ(အသက်၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)အဆင့်(အမျိုးသား/ အမျိုးသမီး)

(ဃ) **အတီးပြိုင်ပွဲ**

| | | |
|---|---|---|
| (၁) စောင်း | - | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၂) စန္ဒရား | - | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၃) ပတ္တလား | - | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၄) တယော | - | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၅) မယ်ဒလင် | - | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၆) ဂီတာ | - | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၇) ဒုံမင်း | - | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၈) ဆိုင်းတစ်ဦးချင်း | - | တစ်ဦးချင်း(အမျိုးသား၊ အမျိုးသမီး) |
| (၉) ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် | - | အဖွဲ့လိုက်(အမျိုးသား-၈ဦး၊ အမျိုးသမီး-၈ဦး) |
| (၁၀) နဲ | - | တစ်ဦးချင်း(အမျိုးသား) |
| (၁၁) ပလွေ | - | တစ်ဦးချင်း(အမျိုးသား) |
| (၁၂) အိုးစည် | - | အဖွဲ့လိုက်(အမျိုးသား - ၅ ဦး) |
| (၁၃) ဒိုးပတ် | - | အဖွဲ့လိုက်(အမျိုးသား - ၆ ဦး) |

မှတ်ချက်။ အိုးစည်ပြိုင်ပွဲနှင့် ဒိုးပတ်ပြိုင်ပွဲများတွင် ဝါသနာရှင်(ပထမတန်း)အဆင့်၊ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့်တို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကျန်အတီးပြိုင်ပွဲများတွင် အဆင့်အားလုံးယှဉ်ပြိုင်ရန်)

(၁၄) ပြည်နယ်(၇)ခုရှိတိုင်းရင်းသားတို့၏ ရိုးရာတူရိယာတေးဂီတပြိုင်ပွဲ။ (ပြည်နယ်တစ်ခုလျှင် ကြာမြင့်ချိန်အနည်းဆုံး ၅ မိနစ်မှ ၈ မိနစ်ထက်မပိုသော တေးဂီတတို့ဖြင့်ယှဉ်ပြိုင်ရန်)

---

## (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ "မဟာဂီတ" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ **ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | |
|---|---|
| (က) စုံသာမြိုင်လယ် | (သီချင်းခံ) |
| (ခ) ခွါပြာသင်း | (ပတ်ပျိုး) |
| (ဂ) စိန်မြရံခြယ် | (မွန်) |
| (ဃ) တိမ်မှောင်မြေးကင်း | (လောကနတ်) |
| (င) ကြို့ညိုစံရာ | (ယိုးဒယား) |
| (စ) ရွှေပင်ရွှေဘုန်းပပဝင်း | (ကြိုး) |
| (ဆ) အာကာယံထဲ | (ပတ်ပျိုး) |
| (ဇ) သောင်းကျေးဒီပါဖွေ | (မွန်) |

၂။ **ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | |
|---|---|
| (က) ဆဒ္ဒန်အိုင်သာ | (သီချင်းခံ) |
| (ခ) စိန်ကြောင်နီလာ | (ပတ်ပျိုး) |
| (ဂ) ဖြူပြာမှုယာ | (ပတ်ပျိုး) |
| (ဃ) တောတောင်စွယ် | (ယိုးဒယား) |
| (င) ကောင်းချီးသခ်ါ | (မွန်) |

၃။ **အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | |
|---|---|
| (က) သီလာဝေယံ | (ပတ်ပျိုး) |
| (ခ) ပပဝင်းဝင်း | (ပတ်ပျိုး) |
| (ဂ) မန္တလာဘုံ | (ဘွဲ့) |
| (ဃ) တောင်ဗမ္မာပိုင် | (ယိုးဒယား) |

၄။ **အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | |
|---|---|
| (က) ဆီးနှင်းပြိုက်ကျ | (ကြိုး) |
| (ခ) ဆင့်ရရှင့်ယ်လေ | (ပတ်ပျိုး) |
| (ဂ) ရန်တကာအောင် | (ဘွဲ့) |
| (ဃ) လေပြည်ဆော်သွင်းမြူး | (ယိုးဒယား) |

၅။ **အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | |
|---|---|
| (က) ဇမ္ဗူရောင်ကွန့် | (ဘွဲ့) |
| (ခ) ပြောင်ပြောင်ပြောင်နာဂိန် | (ကြိုး) |
| (ဂ) ပန်းတသင်းသင်း | (ပတ်ပျိုး) |
| (ဃ) မြိုင်ဟေမာ | (ယိုးဒယား) |

---

## "ခေတ်ဟောင်းတေး/ ကာလပေါ်တေးများ" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ **ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား)**

| | |
|---|---|
| (က) မြဘယက် | (ဥဩဘသောင်) |
| (ခ) ပျူစောထီး | (ဒေါ်ကြည်အောင်) |
| (ဂ) စွဲမက်ပါတဲ့အာရုံ | (ဥဩဘသောင်) |
| (ဃ) ညီတော်မင်းနန် | (ဝင်းဦး) |
| (င) ရုပ်ကြီးသူ | (ဦးသိန်းကြွယ်) |
| (စ) ရွှေတိဂုံသမိုင်း | (ဒေါ်ကြည်အောင်) |
| (ဆ) ဘုံဗမ္မာတာ | (ဥဩဘသောင်) |
| (ဇ) မင်္ဂလာတော် | (ဥဩဘသောင်) |
| (ဈ) ပန်းစုံတဲ့တော | (ခင်မောင်ရင်) |
| (ည) သရက်ပင်အိုရဲ့သံဝေဂ | (ကိုမင်းနောင်) |

၂။ **ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသမီး)**

| | |
|---|---|
| (က) တောင်သူပျို | (ဒေါ်ကြည်အောင်) |

စာမျက်နှာ ၈ သို့

❐ စာမျက်နှာ ၇ မှအဆက်

(ခ) မဟာတြိရတန (ရိရိသန့်)
(ဂ) စာဆိုခံ "လ"လုံး (မာမာအေး)
(ဃ) သုံးဆယ့်ရှစ်ဖြာမင်္ဂလာ (ကြည်ကြည်ငွေး)
(င) မေတ္တာဝေသံဆန်း (ဝင်းဦး)
(စ) စည်တော်ကြီး (မာမာအေး)
(ဆ) သုံးရွှေ့လယ် (ဒေါ်ကြည်အောင်)
(ဇ) ပြိုင်ပွဲကြီး (ထား)
(ဈ) ဂီတအခြေခံ (အဖွဲ့)
(ည) ခေတ်တော်ဝေခန်း (ဒေါ်ကြည်အောင်)

**၃။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)**
(က) တပေါင်းသာခေါင် (ကိုတင်အောင်သန်း)
(ခ) မာန် (ဂီတလုလင်ဦးကိုကို)
(ဂ) ဂျင်မလေးဂျမ်း (ကိုမင်းနောင်)
(ဃ) မဂ္ဂင်ရှစ်ပါး (ပြည်ဘရှင်)
(င) ဖန်တီးသူတို့အပြုံးများ (ဂီတလုလင်ဦးကိုကို)
(စ) မဟာဇနက္က (ခင်မောင်ရင်)

**၄။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသမီး)**
(က) အာရောဂျံ (ဒေါ်ကြည်အောင်)
(ခ) နွေမိုးဆောင်း (တင်တင်မြ)
(ဂ) ဝနိမိတ် (စိန်ပါတီ)
(ဃ) ဂီတဥ္ဇလီ (သင်းသင်းမြတ်)
(င) ဓမ္မစကြာ (ဒေါ်ကြည်အောင်)
(စ) ကထိန်သင်္ကန်း (စိန်ပါတီ)

**၅။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)**
(က) ဗြောသံ (ဥက္ကလာမောင်)
(ခ) ရိပ်မြိုင်ရေချမ်းမေတ္တာစမ်း (စန္ဒရားထွန်းညွန့်)
(ဂ) မဟာဗန္ဓုလ (ကိုထွန်းရွှေ)
(ဃ) ဂုဏ်တော်ကိုးသွယ် (ကိုထွန်းရွှေ)

**၆။ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)**
(က) မြည့ှင်းလေပြေ (မအေးမိ)
(ခ) အတုအယောင် (ငွေးငွေးမြင့်)
(ဂ) ယောကျ်ားဆုပန် (လေဘာတီမြရင်)
(ဃ) အစိန္တေယျ (ငွေးငွေးမြင့်)

**၇။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)**
(က) ကောက်ရိတ်ချိန် (မောင်ပွကြီး)
(ခ) သန္တုဋ္ဌိစ (မောင်မောင်ကြီး)
(ဂ) အောင်မြင်ခြင်းအတူတူ (စန္ဒရားထွန်းညွန့်)
(ဃ) အန္တရာယ်ကင်း (ဂီတာစိမ်းမောင်)

**၈။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသမီး)**
(က) ချစ်စရာ့ရွှေတမာ (ရိရိသန့်)
(ခ) ဟေမန္တရဲ့သဘာဝ (သင်းသင်းမြတ်)
(ဂ) ပါရမီတော် (တင်တင်မြ)
(ဃ) အနန္တငါးဖြာ (မေစိန်)

**၉။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)**
(က) ကိုယ့်ရပ်ဌာနေ (စန္ဒရားထွန်းညွန့်)
(ခ) ရှင်သီဝလိ (ပြည်လှဖေ)
(ဂ) မောင့်တိုင်းပြည် (ရေနံ့သာဝင်းမောင်)
(ဃ) ဂုဏ်တော်ဖွင့် (ပြည်လှဖေ)

**၁၀။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသမီး)**
(က) သီရိရတနာ (ဒေါ်ကြည်အောင်)
(ခ) အဆင်းလှတဲ့ပင်းတယ (ခင်သစ်လွင်)
(ဂ) ဓမ္မစကြာတော် (မြင့်မြင့်ရှိန်)
(ဃ) မြန်မာ့ဂီတလှပဝေဆာ (သင်းသင်းမြတ်)

## "အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

**၁။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)**
(က) မြန်မာသီချင်းဆိုရအောင် (လှမြင့်ဝင်း)
(ခ) လူချွန်လူကောင်း (ကိုအံ့ကြီး)
(ဂ) ဥမကွဲသိုက်မပျက် (ကိုင်ဇာ)
(ဃ) ထာဝရခရီးသည် (ထူးအယ်လင်း)
(င) ငြိမ်းချမ်းရေးပန်းခင်း (ခိုင်ထူး)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသမီး)**
(က) အိမ်မက်ရရွှေဒဂုံ (မကြည်အောင်)
(ခ) မြန်မာ့အားအင် (လီလီကြာညွန့်)
(ဂ) ကမ္ဘာတည်သရွေ့မြန်မာပြည်ရှိနေမှာ (ဟေမာနေဝင်း)
(ဃ) ဂီတရေစီးကြောင်း (ရိရိသန့်)
(င) ငြိမ်းချမ်းရေးပန်းခင်း (လေးလေးဝါး)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)**
(က) ဖေဖေပြောသောပုံပြင် (မောင်တင်ဝင်း)
(ခ) ကျေးရွာဝါဒ (ကိုအံ့ကြီး)
(ဂ) အကျင့်ဆိုး (သန်းမြတ်စိုး)
(ဃ) နေ့သစ် (စိုင်းထီးဆိုင်)

**၄။ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)**
(က) ဗိုလ်ရှုသဘင် (မြသက်မူ)
(ခ) ရွှေအဆင်းနဲ့ပြည်မြန်မာ (နွဲ့ယဉ်ဝင်း)
(ဂ) မြစ်ကြီးဧရာဝတီ (မြင့်မြင့်ခင်)
(ဃ) မြန်မာပြည်ခရီးစဉ် (ထား)

## "စောင်း" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ဖြူပြာမူရာ (ပတ်ပျိုး)
(ခ) တောတောင်စွယ် (ယိုးဒယား)
(ဂ) ထောင်ရောင်နေ (သီချင်းခံ)
(ဃ) စိန်မြရံချယ် (မွန်)
(င) ဘုန်းများများမင်း (ပတ်ပျိုး)
(စ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(ဆ) အောင်မြေသာစံ (ပတ်ပျိုး)
(ဇ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ခါနွေဆန်း (ယိုးဒယား)
(ခ) ရေယမုန် (ပတ်ပျိုး)
(ဂ) ညာသပြေဘောင် (ကြိုး)
(ဃ) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(င) ခိုင်ပန်းစုံ (ယိုးဒယား)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ပန်းဟေဝန် (ယိုးဒယား)
(ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
(ဂ) ဆီးနှင်းပြိုက်ကြ (ကြိုး)

**၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) မှိုင်းရိပ်ကယ်တည့် (ကြိုး)
(ခ) တောဟေဝန်လယ် (ယိုးဒယား)
(ဂ) သည်ဆောင်းဟေမာန် (ဘွဲ့)

**၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ကန္တာလေတောခြေ (ယိုးဒယား)
(ခ) မြတ်ပလ္လင်တော်ရှေ့ (ဘွဲ့)
(ဂ) သီလာမြေယံ (ကြိုး)

## "စန္ဒရား" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) တောမြိုင်ခြေလမ်း (ယိုးဒယား)
(ခ) ယမုန်နာ (ပတ်ပျိုး)
(ဂ) ပန်းမြိုင်လယ် (ယိုးဒယား)
(ဃ) ကောင်းချီးသဒ္ဒါ (မွန်)
(င) မိုဃ်းဒေဝါ- ချိန်ခါလေ (ပတ်ပျိုး)
(စ) ယသော်ဓရာ (ယိုးဒယား)
(ဆ) သေနင်္ဂမည် (မိုးဘွဲ့ပတ်ပျိုး)
(ဇ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) သောင်းရွှေလယ် (ယိုးဒယား)
(ခ) မွှေးလွန်းသည့်ပန်း (ကာလပေါ်)စန္ဒရားချစ်ဆွေ(Key–A♭)
(ဂ) ချစ်သမျှကို (ပတ်ပျိုး)
(ဃ) တောဟေဝန်လယ် (ယိုးဒယား)
(င) ပန်းဟေဝန် (ယိုးဒယား)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ခ) ချစ်ဦးမောင့်ထံပြန်လာပါ (ကာလပေါ်)ဟသ်ာတအောင်တင်ဝင်း (Key–E♭)
(ဂ) မှော်ရုံဟေဝန် (ယိုးဒယား)

**၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) မြိုင်ယံရွှေလှုံ (ပတ်ပျိုး)
(ခ) ချောကလျာ (ကာလပေါ်)စန္ဒရားချစ်ဆွေ(Key–E♭)
(ဂ) အောင်မင်္ဂလာ (ယိုးဒယား)

**၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) မင်္ဂလာသီရိမြေမြတ်စွာ (ဘွဲ့)
(ခ) သောင်းသောင်းညံ (ယိုးဒယား)
(ဂ) နှစ်ယောက်ထဲနေချင်တယ် (ကာလပေါ်)မာမာအေး (Key–F)

## "ပတ္တလား" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ထွန်းလင်းလျှံလက် (ပတ်ပျိုး)
(ခ) ညာသပြေဘောင် (ကြိုး)
(ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ဃ) အောင်မင်္ဂလာ (ယိုးဒယား)
(င) ညင်းညင်း (မွန်)
(စ) ဟေမဝန်ချာ (ဘွဲ့)
(ဆ) ခိုင်ပန်းစုံ (ထပ်တွန့်ယိုးဒယား)
(ဇ) ရွှေပန်းပန်အစချီကိုယ်တော်နှင်းနံ့ (လေးထွေသံကတ်) (လေးပေါက်အောက်ပြန်ဖြင့်တီးရပါမည်)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
(ခ) အမင်းမင်းခယ (သီချင်းခံ)
(ဂ) အောင်မြေမြမန်း (ပတ်ပျိုး)
(ဃ) သြဘာမင်္ဂလာ (ဘွဲ့)
(င) ရီရီဆိုင်းဆိုင်း (ကြိုး)

**၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ရှစ်စုံရွှက်ကြာ (ပတ်ပျိုး)
(ခ) နှင်းယွန်းခါဟေမန် (ယိုးဒယား)
(ဂ) မှိုင်းရိပ်ကယ်တည့် (ကြိုး)

**၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ဂ) သောင်းသောင်းညံ (ယိုးဒယား)

**၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) သီလာမြေယံ (ကြိုး)
(ခ) မင်္ဂလာသီရိ (ဘွဲ့)
(ဂ) ဟေမန်ပွေဟန် (ပတ်ပျိုး)

## "နှဲ" ပြိုင်ပွဲအတွက်ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့်တေးသီချင်းများ

**၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား)**
(က) တောင်ယံတောလေး (မွန်)
(ခ) တောမြိုင်ခြေလမ်း (ယိုးဒယား)
(ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(င) မဲဇာတောင်ခြေ (ပတ်ပျိုး)
(စ) အောင်မြေသာစံ (ပတ်ပျိုး)
(ဆ) ညင်းညင်း (မွန်)
(ဇ) အောင်မင်္ဂလာ (ယိုးဒယား)

**၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)**
(က) ရေယမုန် (ပတ်ပျိုး)
(ခ) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)
(ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ဃ) ပန်းညောင်လှိုင်ဘွဲ့ (ယိုးဒယား)

စာမျက်နှာ ၉ သို့ ❐

❐ စာမျက်နှာ ၈ မှအဆက်

- ( င ) ပန်းဟောဝန် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)

- (က) မှိုင်းရိပ်ကယ်တည့် (ကြိုး)
- ( ခ ) လွမ်းဘွဲ့စေ (ပတ်ပျိုး)
- ( ဂ ) အတိုင်းမသိမင်္ဂလာ (မင်္ဂလာဩဘာဘွဲ့)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)

- (က) မြန်ခန်းကျွန်းတွင်း (ကြိုး)
- ( ခ ) မင်္ဂလာသီရိ (ဘွဲ့)
- ( ဂ ) မြိုင်ယံရွှေလှျံ (ပတ်ပျိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)

- (က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
- ( ခ ) လာချေပြီ (ကြိုး)
- ( ဂ ) ထွေတလာ (ကြိုး)

## "ပလွေ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား)

- (က) ကောင်းချီးသခ်ါ (မွန်)
- ( ခ ) ကြံ့ကြံ့ဖန်ဖန် (ယိုးဒယား)
- ( ဂ ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ဃ) ထောင်ရောင်နေ (သီချင်းခံ)
- ( င ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
- ( စ ) မန်းတောင်လကျာ် (ယိုးဒယား)
- (ဆ) ညဥ့်သုံးယံခါ (ပတ်ပျိုး)
- ( ဇ ) စိန်ကြောင်နီလာ (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)

- (က) ချစ်သမ္မုကို (ပတ်ပျိုး)
- ( ခ ) မှော်ရုံဟောဝန် (ယိုးဒယား)
- ( ဂ ) ရွှန်းရွှန်းမြ (သီချင်းခံ)
- (ဃ) ယမုံနာ (ပတ်ပျိုး)
- ( င ) သောင်းသောင်းညံ (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)

- (က) ကျွန်းကျွန်းပိုင်သ (ကြိုး)
- ( ခ ) ဂန္ဓမာရိပ်သာ (ပတ်ပျိုး)
- ( ဂ ) ဂန္ဓမာတောင် (ဘွဲ့)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)

- (က) လဲ့လဲ့စိမ်းရောင် (ကြိုး)
- ( ခ ) ဟေမဝန်ချာ (ဘွဲ့)
- ( ဂ ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)

- (က) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)
- ( ခ ) ဇေယျာမြို့ (ကြိုး)
- ( ဂ ) မင်းလမ်းစပ်ကာ (ကြိုး)

## "တယော" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) အောင်မင်္ဂလာ (ယိုးဒယား)
- ( ခ ) စိန်ကြောင်နီလာ (ပတ်ပျိုး)
- ( ဂ ) မိုးလုံးပတ်လည် (ပတ်ပျိုး)
- (ဃ) သာဆန်းရဂုံဗွေ (ပတ်ပျိုး)
- ( င ) မန်းတောင်လက်ယာ (ယိုးဒယား)
- ( စ ) မြန်ချာမြေကို (ပတ်ပျိုး)
- (ဆ) ခိုင်ပန်းစုံမှုံမာလာ (ယိုးဒယား)
- ( ဇ ) နှင်းယွန်းခါဟေမန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) မြိုင်ကြီးဟေမာ (ယိုးဒယား)
- ( ခ ) မြိုင်ယံရွှေလှျံ (ပတ်ပျိုး)
- ( ဂ ) သီတာရတနာ (ကာလပေါ်)
- (ဃ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
- ( င ) တောဟောဝန်လယ် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) မေတ္တာဂုဏ် (ကာလပေါ်)ပြည်လှဖေ
- ( ခ ) နန်းဘုံသီဟာဘွေ (ယိုးဒယား)
- ( ဂ ) ကျွန်းကျွန်းပိုင်သ (ကြိုး)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) မဟာဇနက္က (ကာလပေါ်)
- ( ခ ) မှန်ရဝေ (ပတ်ပျိုး)
- ( ဂ ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) ဆန်းနွေဦး (ယိုးဒယား)
- ( ခ ) တိမ်တမန် (ကာလပေါ်)
- ( ဂ ) ရွှေပြည်ကြီးဇရော (ကြိုး)

## "မယ်ဒလင်" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) ဖော်ကွာဝေး (ယိုးဒယား)
- ( ခ ) ရွှေပြည်တော်သည် (ပတ်ပျိုး)
- ( ဂ ) မန္တလာဘုံ (ဘွဲ့)
- (ဃ) ကျွန်းကျွန်းပိုင်သ (ကြိုး)
- ( င ) အမင်းမင်းခရ (သီချင်းခံ)
- ( စ ) မြူဝန်းလို့ခို (ပတ်ပျိုး)
- (ဆ) ဂန္ဓမာတောင် (ဘွဲ့)
- ( ဇ ) တောမြိုင်စွန်းကလွမ်းအောင်ဖန်(ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
- ( ခ ) သူဌေးဝါဒ (ကာလပေါ်)
- ( ဂ ) အတိုင်းမသိ (ဘွဲ့)
- (ဃ) လူမနော (ပတ်ပျိုး)
- ( င ) ပန်းဟောဝန် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) ဘုံဆောင်မြင့် (ကြိုး)
- ( ခ ) ဂုဏ်တော်ဖွင့် (ကာလပေါ်)
- ( ဂ ) ဆန်းနွေဦး (ယိုးဒယား)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) သည်ဆောင်းဟေမန် (ဘွဲ့)
- ( ခ ) ပွင့်ဦး (ကာလပေါ်)
- ( ဂ ) ကုဏ္ဍလာအိုင်ဘွဲ့ (ယိုးဒယား)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) ဝေဘာဂီရိ (ကြိုး)
- ( ခ ) မြမန်းဂီရိ (ယိုးဒယား)
- ( ဂ ) မင်္ဂလာဆယ့်နှစ်ပါး (ကာလပေါ်)

## "ဂီတာ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) အောင်မင်္ဂလာ (ယိုးဒယား)
- ( ခ ) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)
- ( ဂ ) ပုံပမာ (ကြိုး)
- (ဃ) မြူဝန်းလို့ခို (ပတ်ပျိုး)
- ( င ) မန္တလာဘုံ (ဘွဲ့)
- ( စ ) ပပငယ်ဝင်းဝင်း (ပတ်ပျိုး)
- (ဆ) ဆယ်ဆယ်ရောင် (ဒိန်းသံ)
- ( ဇ ) ကြံ့ကြံ့ဖန်ဖန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- ( ခ ) နွေဦးတေးသံ (ကာလပေါ်)
- ( ဂ ) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
- (ဃ) ဖူးပွေ့လက်တင် (ဘောလယ်)
- ( င ) ခန်းတွင်းရိပ်သာ (ကြိုး)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) မြမန်းဂီရိ (ယိုးဒယား)
- ( ခ ) ဂုဏ်မြင့်သူ (ကာလပေါ်)(ပြည်လှဖေ)
- ( ဂ ) လာချေပြီ (ကြိုး)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) စက်လဲပျော်ပါနိုင် (ယိုးဒယား)
- ( ခ ) စံပယ် (ကာလပေါ်)
- ( ဂ ) စံရာတောင်ကျွန်း (ကြိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) ဝေဘာဂီရိ (ကြိုး)
- ( ခ ) လူမနော (ပတ်ပျိုး)
- ( ဂ ) ချစ်နှင်းမှုံမှုံ (ကာလပေါ်)

## "ဒုံမင်း" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) မြန်ချာမြေကို (ပတ်ပျိုး)
- ( ခ ) မာရဝိဇယ (ဘွဲ့)
- ( ဂ ) မှိုင်းမှိုင်းမြ (သီချင်းခံ)
- (ဃ) ခါနွေဆန်းလန်းစီစီ (ယိုးဒယား)
- ( င ) မန်းတောင်လက်ယာ (ယိုးဒယား)
- ( စ ) ဖန်ထွေလာ (မွန်)
- (ဆ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
- ( ဇ ) မြူဝန်းလို့ခို (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)
- ( ခ ) နံ့သာနီတောင် (ပတ်ပျိုး)
- ( ဂ ) ကောင်းခြင်းမင်္ဂလာ (ကာလပေါ်)
- (ဃ) ဇမ္ဗူတောင်ညာ (ပတ်ပျိုး)
- ( င ) သည်ဆောင်းဟေမန် (ဘွဲ့)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) နှလုံးသားကိုအလှဆင်မယ် (ကာလပေါ်)
- ( ခ ) ကျွန်းကျွန်းပိုင်သ (ကြိုး)
- ( ဂ ) တောဟောဝန်လယ် (ယိုးဒယား)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) ဆန်းဆန်းသဉ္ဇာကြာညောင် (ယိုးဒယား)
- ( ခ ) ရွှေမင်းဂံ (ကာလပေါ်)
- ( ဂ ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) ဇေယျာမြို့ (ကြိုး)
- ( ခ ) မဟာဇနက (ကာလပေါ်)
- ( ဂ ) မြိုင်ဟေမာ (ယိုးဒယား)

## "ဆိုင်းတစ်ဦးချင်း" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) နှင်းယွန်းဂိမှာန် (မွန်)
- ( ခ ) သာရကာကျေး (ပတ်ပျိုး)
- ( ဂ ) ရွှေနန်းအောင်ချာ (ကြိုး)
- (ဃ) ထောင်ရောင်နေကသာ (သီချင်းခံ)
- ( င ) ရွှေညီလာ (လေးထွေသံကတ်)
- ( စ ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ဆ) ဒီပါအေးမြ (ပတ်ပျိုး)
- ( ဇ ) ဘုန်းမျှားမျှားမင်း (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) မော်တင်လယ် (ပတ်ပျိုး)
- ( ခ ) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)
- ( ဂ ) မှိုင်းမှိုင်းမြ (သီချင်းခံ)
- (ဃ) ဟေမဝန်ချာ (ဘွဲ့)
- ( င ) သပြေပင်ဝန်း (ကြိုး)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) ဆွတ်ဖြန်းငယ်လေ (ကြိုး)
- ( ခ ) မြန်မြေနယ်ဇမ္ဗူဘောင် (မြင်းခင်း)
- ( ဂ ) ဝေဇယန္တာ (ယိုးဒယား)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
- ( ခ ) ရဂုံဟေမန် (ပတ်ပျိုး)
- ( ဂ ) မင်းလမ်းစပ်ကာ (ကြိုး)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

- (က) ရွှေဘုန်းရွှေဘုန်း (ကြိုး)
- ( ခ ) ဘုံဆောင်မြင့် (ကြိုး)
- ( ဂ ) မြမန်းဂီရိ (ယိုးဒယား)

# ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၅၈၈)ကြိမ်မြောက် ထုတိအနုမောဒနာ ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



ရန်ကုန် စက်တင်ဘာ ၃

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့စေတနာ သဒ္ဓါတရားထက်သန်စွာ လှူဒါန်းထားရှိသော ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များအား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က (၅၈၈)ကြိမ်မြောက် ထုတိအနုမောဒနာ ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များက အလှူတော်ငွေများပေးအပ်လှူဒါန်းရာ အလှည့်ကျသဘာပတိ ဦးညွန့်သင်းနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒစရိယ၊ တိပိဋက ရွေးချယ်ရေးအဖွဲ့ ဩဝါဒစရိယ၊ တိပိဋကရေခမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ သ•စ•အ ဓမ္မာစရိယပါဠိပါရဂူ တိပိဋကရေတိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒစရိယ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်မှ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်)ထံမှ တက်ရောက်လာကြသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာ တရားနာယူကြသည်။

ယနေ့ကျင်းပသော အလှူငွေပေးအပ်လှူဒါန်းပွဲတွင်၂၀၂၄ ခုနှစ် ဇူလိုင်လ ၁ ရက်မှ ဩဂုတ်လ ၃၁ ရက်အထိ ရွှေသင်္ကန်းတော် ရွှေပြားအလှူရှင် ၉၀ ဦးက ဖကျပ်သား ရွှေပြား ၉ ချပ်၊ ၃ ကျပ်သားရွှေပြား ၇ ချပ်နှင့် တစ်ကျပ်သားရွှေပြား ၉၆ ချပ် စုစုပေါင်း ရွှေစင်ရွှေပြား ၁၁၂ ချပ် လှူဒါန်းခဲ့ပြီး ငွေသားအလှူရှင် ၁၀၃ ဦးအပါအဝင် လှူဒါန်းငွေ စုစုပေါင်း ၂၀၇၈၃၂၀၅၉၇ ကျပ် (ကျပ်သိန်းပေါင်း နှစ်သောင်း ခုနစ်ရာ ရှစ်ဆယ့်သုံးသိန်း နှစ်သောင်းငါးရာ ကိုးဆယ့် ခုနစ်တိတိ) ဖြစ်ကြောင်းသတင်းရရှိသည်။

**သိန်းဝင်း**

# ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ




နေပြည်တော် စက်တင်ဘာ ၃

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်စာကြည့်တိုက် များဖွံ့ဖြိုးတိုးတက် ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိ၊ ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေပညာရှင်များနှင့် အကဲဖြတ်ဒိုင်များ၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" သီချင်းနှင့် "အလှဆုံးပန်းများ ပွင့်ကြပြီ" သီချင်းတို့ဖြင့် တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ကြပြီး "နိုင်ငံအကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည်" ဗီဒီယို Clip ကိုပြသသည်။

ယင်းနောက် စာရေးဆရာ ရေနံ့သာမောင်ကျော်ညွန့်က စာပေလေ့လာဖတ်ရှုမှု အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပါဝင်လှူဒါန်းကြသည့် အလှူရှင်များနှင့် စာရေးဆရာရေနံ့သာမောင် ကျော်ညွန့် တို့ထံ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်ထိစီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက စာအုပ်စာစောင်များ၊ ခေတ်ပုံမှတ်တမ်းများ၊ စာအုပ်အရောင်းဆိုင်များ၊ စာပေဆွေးနွေးပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ကာယစွမ်းရည်၊ ဉာဏစွမ်းရည်ပြိုင်ပွဲများတွင်ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ယှဉ်ပြိုင်နေမှုကိုလှည့်လည်ကြည့်ရှုအားပေးကြပြီး ကျောင်းသား၊ ကျောင်းသူများထံ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ပြိုင်ပွဲများမှ ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ဖျော်ဖြေရေး တီးဝိုင်းအဖွဲ့က သီဆိုဖျော်ဖြေခဲ့ကြကြောင်းသိရသည်။

(၅၀၀)

# စားအုန်းဆီကို(Door to Door)စနစ်ဖြင့် ရောင်းချပေးလျက်ရှိရာဝယ်ယူသူများပြားလာသဖြင့် Call Center ဖုန်းလိုင်းခွဲများ တိုး၍ လက်ခံဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၃

စားအုန်းဆီများကိုအိမ်တိုင်ရာရောက် (Door to Door)ရောင်းချပေးလျက်ရှိရာ ဆက်သွယ်ဝယ်ယူသူပိုမိုများပြားလာသည့်အတွက်ကြောင့် စက်တင်ဘာလ ၂ ရက်နေ့မှစတင်ပြီး မြို့နယ်များအလိုက် Call Center ဖုန်းလိုင်းခွဲများထပ်တိုးလက်ခံဆောင်ရွက်ပေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီအိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချရေးကော်မတီမှ သိရသည်။

အဆိုပါစားအုန်းဆီများကိုအိမ်တိုင်ရာရောက်(Door to Door)ရောင်းချပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ကပူးပေါင်းပြီး စားအုန်းဆီအရောင်းဆိုင်များသို့ သွားရောက်ဝယ်ယူရန် အခက်အခဲရှိသော အိမ်ထောင်စုများ၊စားအုန်းဆီကို လျှင်မြန်လွယ်ကူစွာ အိမ်အရောက် ဝယ်ယူနိုင်စေရန်ရည်ရွယ်ပြီး ၂၀၂၄ ခုနှစ် ဇူလိုင်လ ၃၁ တွင် စတင်ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် အိမ်ထောင်စုတစ်စုလျှင် တစ်လအတွက် တစ်ကြိမ်လျှင် နှစ်ပိဿာနှုန်းဖြင့် ဖြန့်ဖြူးခဲ့ရာ မှာယူသူများပြားသည့်အတွက် စက်တင်ဘာလမှစ၍ အိမ်ထောင်စုတစ်စုလျှင် တစ်လ ၃ ပိဿာနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ခရိုင် ၁၄ ခု၊ မြို့နယ် ၄၄ မြို့နယ်တွင် ခရိုင်အလိုက် Call Center များထားရှိ၍ မှာကြားချက်များကို လက်ခံမှတ်သားသွားမည်ဖြစ်သည်။နေ့စဉ်နံနက် ၉နာရီမှ ညနေ၄ နာရီအတွင်း တနင်္လာနေ့မှ စနေနေ့အထိ (တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်မပါ) မှာကြားနိုင်ပြီး တိုက်ကြီးခရိုင်၊ လှည်းကူးခရိုင်၊မှော်ဘီခရိုင်၊မင်္ဂလာဒုံခရိုင်၊ အင်းစိန်ခရိုင်၊သန်လျင်ခရိုင်၊ တွံတေးခရိုင်၊ မရမ်းကုန်းခရိုင်တွင် နေထိုင်ကြသူများ အနေဖြင့် Call Center ဖုန်း -၀၁-၄၇၀၅၅၆၆ (လိုင်းခွဲ-၁၅လိုင်း)၊၀၉-၉၄၀၁၇၁၂၂၂(လိုင်းခွဲ-၁၅လိုင်း)သို့လည်းကောင်း၊ ကျောက်တံတားခရိုင်၊ အလုံခရိုင်၊ သဃ်္ဃန်းကျွန်းခရိုင်၊ ဗိုလ်တထောင်ခရိုင်၊ ဒဂုံမြို့သစ်ခရိုင်၊ ကမာရွတ်ခရိုင်တို့တွင် နေထိုင်ကြသူများအနေဖြင့် Call Center ဖုန်း ၀၉-၇၇၁၀၀၂၇၂၂ (လိုင်းခွဲ- ၁၀ လိုင်း)၊၀၁-၄၇၀၆၇၂၂(လိုင်းခွဲ-၁၀ လိုင်း)သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၄၄ မြို့နယ်တွင် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုအောက်တွင် စားအုန်းဆီတင်သွင်းသော ကုမ္ပဏီများက လက်လီ/လက်ကားအရောင်းဆိုင်များမှ တစ်ဆင့် လုပ်သားပြည်သူများသို့ နေ့စဉ်၊ လစဉ် စားအုန်းဆီများဖြန့်ဖြူးပေးလျက်ရှိရာ ဆီထုတ်ကိုယ်စားလှယ် ၁၄၂ဦး၊ လက်ကားရောင်းချ သူ ၄၀၁ဦး၊ လက်လီရောင်းချသူ ၅၃၆၇ ဦးရှိပြီး ယခုဆောင်ရွက်သောအစီအစဉ်သည် နေ့စဉ်လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသူများနှင့်ရုံးလုပ်ငန်းလုပ်ကိုင်နေသူများအတွက် အဆင်ပြေစေရန်အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းအနေဖြင့်လည်း လုပ်သားပြည်သူများ စားသုံးဆီပြတ်လပ်မှုမရှိစေရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ဆီထွက်သီးနှံများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လင်းခန့်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်များ လုံခြုံရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နေရန်လို လုံခြုံရေးနှင့်ပတ်သက်သည့်သတင်းများ စဉ်ဆက်မပြတ်ရရှိအောင် သတင်းရယူတည်ဆောက်ပြီးဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားစဉ်။

● ရှေ့ဖုံးမှအဆက်

ဦးစွာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အစည်းအဝေးခန်းမတွင် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်က အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ)အဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် လမ်းတံတားများ လုံခြုံရေးအတွက်ဆောင်ရွက်လျက်ရှိမှု၊ KNPP၊ KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လွိုင်ကော်မြို့နှင့် အခြားမြို့များအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် PDF အမည်ခံအကြမ်းဖက်သမားများထံမှ လက်နက်ခဲယမ်းများသိမ်းဆည်းရမိမှုနှင့် PDF အမည်ခံအကြမ်းဖက်သမားများ အလင်းဝင်ရောက်လာမှု၊ တရားမဝင်သစ်များ ဖမ်းဆီးရမိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နေရန်လိုကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုံခြုံရေးနှင့်ပတ်သက်သည့် သတင်းများ စဉ်ဆက်မပြတ်ရရှိအောင် သတင်းရယူတည်ဆောက်ပြီး ဆောင်ရွက်သွားရန်လိုကြောင်း၊ အများပြည်သူများ သွားလာလျက်ရှိသည့် လမ်းတံတားများ ထိခိုက်ပျက်စီးမှုများမရှိအောင် ဆောင်ရွက်နေရန်လိုကြောင်း၊ အလားတူ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် ယခင်ကတည်းကပင် ငြိမ်းချမ်းရေးရယူခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုများကို နိုင်ငံတော်၊ တပ်မတော်နှင့်လက်တွဲ၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ဒေသများအတွင်း၌လည်း အကြမ်းဖက်သမားများ ဝင်ရောက်လှုပ်ရှားမှုများကြောင့် နယ်မြေမငြိမ်မသက်မှုများ မဖြစ်စေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ အကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသည့် **MNDAA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့အား စက်တင်ဘာ ၂ ရက်တွင် နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာခဲ့ပြီးဖြစ်**ကြောင်း၊ ထို့ကြောင့် ၎င်းတို့နှင့်ဆက်နွှယ်**နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်**ကြောင်း။

စာမျက်နှာ ၁၂ သို့ ●





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံအတွင်း မီတာ(၄၀၀) ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ရန် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

● စာမျက်နှာ ၁၁ မှအဆက်

ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်ရာတွင်ပြည်သူများအတွက် ကောင်းမွန်သောပြည်သူ့ရေးရာ ဝန်ဆောင်မှုဖြစ်စေရန်နှင့်ပြည်သူကို ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးပိုင်းဆိုင်ရာများတွင် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားနယ်မြေဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့လိုက်ပါ၍ အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားပြီး အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံအတွင်း မီတာ(၄၀၀) ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ရန် ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကယားပြည်နယ်အတွင်း တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သင်တန်းကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိ

လွိုင်ကော် စက်တင်ဘာ ၃

ကယားပြည်နယ်အတွင်း တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သင်တန်းကျောင်းများမှ ဒုတိယပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ကယားပြည်နယ်အတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သင်တန်းကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်နည်းပညာတက္ကသိုလ်၊ကွန်ပျူတာတက္ကသိုလ်၊ လွိုင်ကော်ပညာရေးဒီဂရီကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအထက်တန်းကျောင်းများမှ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများက သင်ကြားရေးဆိုင်ရာကိစ္စရပ်များ ကျောင်းအဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည့်အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦးက ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး အတွက် လုံခြုံရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှု များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

# ဥက္ကလာဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်



ရန်ကုန် စက်တင်ဘာ ၃

ဥက္ကလာဂေါက်ကွင်းသည် ရန်ကုန်မြို့တွင်းနှင့် အနီးစပ်ဆုံးနေရာတွင် တည်ရှိပြီး နိုင်ငံတကာအဆင့်မီ ကျင်း ၂၇ ကျင်းပါဝင်သော ဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ထားရှိကာ နေ့ဘက်တွင် မအားလပ်သူများအတွက် ညဘက်တွင်ပါ Night Golf ကစားနိုင်ရန် စီစဉ်ပေးထားခြင်းများအပါအဝင် အဆင့်မီဝန်ဆောင်မှုများ ပေးအပ်လျက်ရှိသောကြောင့် ပြည်တွင်း/ပြည်ပ ဂေါက်သီးရိုက်အားကစားသမားများ အများအပြားလာရောက်ကစားလျက်ရှိရာ စက်တင်ဘာလ ၃ ရက်နေ့ ညနေ ၄ နာရီတွင် ဂေါက်သီးရိုက်ကစားသမား ဦးအောင်ကျော်သည် ကစားဖော်များဖြစ်သော ဦးသန့်ဇင်၊ ဦးဇင်သူအောင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ်ကျင်းအမှတ်(၅)၌ SRIXON No.1 ဘောလုံးကို XXIO MP 1100 Hybrid–5 တုတ်ဖြင့် ၁၆၀ ကိုက်အကွာအဝေးမှရိုက်ရာ တစ်ချက်တည်းကျင်းဝင် (Hole in One) သွားခဲ့သည်။

Hole in One ရရှိသော အဆိုပါကစားသမားကို ဥက္ကလာဂေါက်ကွင်းမှ TRISTAR အမှတ်တံဆိပ် တာယာနှစ်လုံး၊ တစ်လအတွင်း အခမဲ့ဂေါက်သီးရိုက်ကစားခွင့် ငါးကြိမ်လက်မှတ်များနှင့် Mytel မှ ငွေသားဆု ၁၀၀၀၀၀ ကျပ်ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဥက္ကလာဂေါက်ကွင်းတွင် Hole in One ရရှိခြင်းမှာ ယခုအကြိမ်နှင့်ဆိုလျှင် (၈၅)ကြိမ်မြောက်ရရှိခြင်းဖြစ်သည်။

ဥက္ကလာဂေါက်ကွင်းအား နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး လာရောက်ကစားသူများအား အကောင်းဆုံးဝန်ဆောင်မှုပေးထားလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၀)

# သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီများ ရောင်းချပေးလျက်ရှိ

တံတားဦး စက်တင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ဆီလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ တံတားဦးမြို့ အမှတ်(၃) တဲတော်ရာရပ်ကွက်၌ကုန်ဈေးနှုန်းတည်ငြိမ်လျှော့ချရေးအတွက် စက်တင်ဘာလ ၃ ရက်တွင် ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီများ ရောင်းချပေးကြောင်း သိရသည်။

ထိုသို့ရောင်းချပေးရာတွင် ပြည်သူများအား ဆီကိုယ်စားလှယ်များထံတွင် အလှည့်ကျတန်းစီစနစ်ဖြင့် တစ်အိမ်ထောင်လျှင် စားအုန်းဆီတစ်ပိဿာနှုန်း ရောင်းချပေးသည်။ ယင်းသို့ရောင်းချရာ၌ စားသုံးဆီဝယ်ယူရာတွင် မှတ်ပုံတင်မိတ္တူတစ်ခုနှင့် အိမ်ထောင်စုမိတ္တူတစ်ရွက်ပါရှိရမည်ဖြစ်ကြောင်း သိရသည်။ ရဲတင့်(ပြန်/ဆက်)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# စာဖတ်ပါ

**ရန်ကုန်ဌေးဇော်**




မိဘတို့သည် သား၊ သမီးများ စကားပြောတတ်သည့်အရွယ်သို့ရောက်လျှင်ပင် စာရေးတတ် စာဖတ်တတ်လေအောင် ကျောင်းသို့စေလွှတ်၍ စာသင်စေသည်။ ကလေးများကျောင်းသို့ရောက်သော် ဆရာ၊ ဆရာမတို့သည် ထိုကလေးများကို စာရေးတတ်စာဖတ်တတ်ကြစေရန် ပထမဦးဆုံး ဗျည်းအက္ခရာများမှစ၍ စာကြီးပေကြီးများအထိ သင်ကြားပို့ချကြလေသည်။ ဤသို့ ငယ်စဉ်ကအစပြု၍ မိဘဆရာသမားတို့က စာဖတ်တတ်အောင် သင်ကြားပေးကြသည်မှာ စာဖတ်တတ်ခြင်းကြောင့် ကလေးတို့၏အနာဂတ်ကောင်းကျိုးကိုဖန်တီးနိုင်စေရန် ရည်သန်သောကြောင့်ဖြစ်လေသည်။ လူမျိုးအသီးသီး၊ ဘာသာအသီးသီးတို့တွင် အများအားဖြင့် စာနှင့်စာပေဟူ၍ ရှိကြသည်။ စာပေသည် စာမှပေါ်ပေါက်လာသည်။ စာသည် စကား၏သင်္ကေတဖြစ်သော အက္ခရာများကိုစုပေါင်းဖွဲ့စည်း၍ စနစ်တကျ စီစဉ်ရေးသားတင်မှတ်ထားသော အမှတ်အသားဖြစ်သည်။ အချို့နိုင်ငံများတွင် ရုပ်ပုံသင်္ကေတများမှ ဆင်းသက်လာသည့် အရေးအမှတ်များကိုပါ စာဟုခေါ်ကြသည်။

စာကို သုခုမအရာမြောက်အောင်(ဝါ)အနုပညာသက်ဝင်အောင် ဖွဲ့စည်းစီရင်တီထွင်သော် စာပေဖြစ်လာသည်။ စာမရှိဘဲ စာပေလည်းမရှိနိုင်ဟုဆိုကြသည်။ ထို့ကြောင့် စာဖတ်တတ်ရန် စာကိုသင်ကြရသည်။ စာတတ်မြောက်သော် စာပေကိုဖတ်ရှုကြသည်။ မြန်မာတို့တွင် စာပေဟူသောစကားသည် ရှေးခေတ်များ၌ တရားစာပေဟူ၍ အနက်ရခဲ့သည်။ ကိုးခန်းပျို့၌ ''စာပေနားဝင်၊ ငါ့ကိုသင်သည်၊ လင်လည်းစွန့်ထား၊ ယခုသွားခဲ့''ဟူ၍လည်းကောင်း၊ တစ်ဖန် နေမိဂရဲခန်းပျို့၌ ''ပုထိုးဘုရား၊ ကျောင်းကန်သွား၍၊ တရားစာပေ၊ နာပါချေအံ့''ဟူ၍လည်းကောင်း စပ်ဆိုထားသည်။ လောကုတ္တရာနှင့်ဆိုင်သောစာစုကို စာပေဟုခေါ်ခဲ့သည့်ခေတ်မှ လောကီနှင့်ဆိုင်သောစာစုများ ပေါ်ပေါက်ခေတ်စားချိန်၌ စာပေဟူသောဝေါဟာရအနက်လည်း ပြောင်းလဲခဲ့ရသည်။ ဝေါဟာရအနက်ပြောင်းလဲခြင်းနှင့်အတူ စာဖတ်သည့်အလေ့သည်လည်း ရေချိန်မြင့်တက်လာခဲ့တော့သည်။ စာဖတ်ရာတွင် ပညာဗဟုသုတတိုးပွားစေရန်နှင့် အတွေးအခေါ် ရင့်သန်စေရန်ဟူသော ရည်ရွယ်ချက်နှစ်မျိုးရှိသည်။ ပညာဗဟုသုတမရှိလျှင် မိမိတို့၏ သက်ဆိုင်ရာလုပ်ငန်းကို တိုးတက်ကောင်းမွန်အောင် လုပ်နိုင်ဖို့ ခဲယဉ်းပေလိမ့်မည်။ စိတ်ကူးဉာဏ်အတွေးအခေါ် ရင့်သန်ခြင်းမရှိပါလျှင်လည်း လူ့လောကတွင် တိုးတက်မှုခဲယဉ်းပေလိမ့်မည်။ ထို့ကြောင့် လိမ္မာရေးခြား ဗဟုသုတကြွယ်ဝစေရန်အတွက် စာဖတ်ခြင်းအလေ့သည် အလွန်အရေးပါ အရာရောက်လေသည်။

ယခုခေတ်၌ စာဖတ်ခြင်းကိုအထောက်အပံ့ဖြစ်စေသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်ဟူသည်တို့သည် အမြောက်အမြားထွက်ပေါ်လျက်ရှိသည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းဟူသောစကားတို့၏ အဆုံးစကားသုံးလုံးကိုစုပေါင်း၍ စာနယ်ဇင်းဟုခေါ်ကြခြင်းဖြစ်သည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းဟူ၍ ခွဲခြားထားသည့် သုံးမျိုးအပြင် စာနယ်ဇင်းများမှလည်းကောင်း၊ စာအုပ်များမှလည်းကောင်း ထုတ်နုတ်၍ အနှစ်သာရပေါ်လွင်အောင် အကျဉ်းချုံးကာ ပြန်လည်ထည့်သွင်းထုတ်ဝေသည့် သတင်းစုံမဂ္ဂဇင်းနှင့် မဂ္ဂဇင်းပဒေသာစာစောင်များလည်းရှိသေးသည်။

မျက်မှောက်ခေတ်၌ စာနယ်ဇင်းလုပ်ငန်းသည် ကမ္ဘာတွင် အရေးပါအရာရောက်လာပြီဖြစ်သည့်အလျောက် စာနယ်ဇင်းများကိုလည်း လူအများသည် လေးစား၍စိတ်ထက်သန်စွာ လေ့လာလိုက်စား ဖတ်ရှုနေကြပြီဖြစ်သည်။ သတင်းစာတစ်စောင်လုံးတွင် ခေါင်းကြီး သို့မဟုတ် သတင်းစာအာဘော်သည် မဖတ်မဖြစ် ဖတ်သင့်သည့်နေရာဖြစ်သည်။ ခေါင်းကြီး သို့မဟုတ် သတင်းစာအာဘော်သည် နိုင်ငံရေးကို ၎င်းတို့သတင်းစာ၏ဝါဒနှင့် ချိန်ထိုးကြည့်ရှု၍ ပြတ်သားစွာ ဝေဖန်သုံးသပ်ရေးသားထားခြင်းဖြစ်ရာ စာဖတ်ခြင်းဖြင့် မိမိနိုင်ငံ၏နိုင်ငံရေးကို မိမိသည်လည်း ချိန်ထိုးသုံးသပ်လာနိုင်မည်ဖြစ်သည်။ တိုင်းပြည်တစ်ပြည်၌ မဏ္ဍိုင်ကြီးလေးခုရှိရာတွင် စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းစာများ တစ်နည်း စာနယ်ဇင်းများသည် တိုင်းပြည်တွင် အရေးအကြီးဆုံးဖြစ်သည်ဟု အင်္ဂလန်ပြည်ပါလီမန်လွှတ်တော်တွင် အက်ဒမန်ဗတ်သည် တစ်ခါကအတိအလင်း ထုတ်ဖော်ပြောဆိုခဲ့ဖူးသည်။

ပုံနှိပ်စာများမပေါ်မီက ပညာဗဟုသုတဆည်းပူးရန်ကိစ္စသည် များစွာခဲယဉ်းလှသည်။ အရေးအသားဟူ၍ မရှိသေးသောခေတ်တွင် လူတို့သည် တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ကြားရသမျှသော ပညာဗဟုသုတတို့ကို နှုတ်ငုံဆောင်ကြသည်။ ထို့နောက် ရွှံ့ပြား၊ ကျောက်ပြားများပေါ်တွင်ရေးကြထွင်းကြသော အရေးအသားများပေါ်လာသည်တို့ကို လူတို့သည်ကြည့်ရှုမှတ်သားကြရသည်။ ထို့နောက် ပေရွက်၊ ကျူရွက်၊ ပုရပိုက် စသည်တို့အပေါ်တွင်ရေးမှတ်ထားသည်ကို လူတို့ဖတ်ကြရသည်။ စက္ကူနှင့်ပုံနှိပ်စက်ခေတ်သို့ရောက်လာသောအခါ လူအများ၌ စာဖတ်ခြင်းအလေ့သည် ပိုမိုကျယ်ပြန့်လာလေသည်။ ခရစ် ၁၂၀၀ ပြည့်နှစ်ကျော်လွန်သောအခါတွင် စာပေလိုက်စားခြင်း၊ ကျမ်းပြုခြင်း၊ ပညာသင်ကြားခြင်း စသည့်ကိစ္စများမှာ တက္ကသိုလ်များတွင် ပိုမိုထွန်းကားလာလေသည်။ ကျောင်းသားများသည် စာအုပ်ဌာနများမှ စာအုပ်များကို ငှားဖတ်ရသည်။ စာအုပ်များကို ကိုယ်ပိုင်ပစ္စည်းအဖြစ် အခြားသို့ယူသွားခွင့်မရှိချေ။ တဖြည်းဖြည်းနှင့်စာအုပ်များကို အပိုင်ရောင်းချသောအလေ့အထပေါ်လာလေရာ စာအုပ်ဌာနမှ စာအုပ်ဆိုင်ဖြစ်သွားတော့သည်။ ၁၅၅၀ ပြည့်နှစ်အရောက်တွင် ယခုခေတ်စာအုပ်များ၏ ပုံသဏ္ဌာန်အတိုင်း စာအုပ်များပေါ်ပေါက်လာခဲ့သည်။ စာအုပ်တစ်အုပ်ကိုဖတ်ရှုရာတွင် စာမျက်နှာအစီအစဉ်နှင့်စာများကို တစ်ဆက်တည်းဖတ်ရှုနိုင်သည်။ အသိဉာဏ်ပညာတိုးတက်မြင့်မားရေးအတွက် စာဖတ်ခြင်းအလေ့ကို ယခင်ရှေးကတည်းက ဆောင်ကြဉ်းကြသည်။ ခေတ်မီနည်းပညာတို့ဖြင့် ဝေဆာလျက် တိုးတက်မြင့်မားခြင်းသဘောကိုဆောင်နေသော လောကကြီးကို ကြည့်မြင်နိုင်ရန်အတွက် စာဖတ်ခြင်းသည်သာ မျက်မှန်ကောင်းတစ်လက်ဖြစ်ပါသည်။ ယခုအခါ မျက်မမြင်များအတွက်ပင်လျှင် လက်ဖြင့်စမ်း၍ ဖတ်ရသော အပိမ့်အဖုအမှတ်အသားများဖြစ်သည့် စာရေးနည်းစနစ်သည် ထွန်းကားလျက်ရှိပြီဖြစ်သည်။

စာအုပ်သည် စာဖတ်သူ၏မိတ်ဆွေကောင်းမည်ပေသည်။ စာအုပ်များမှာ ပညာဗဟုသုတအမျိုးမျိုးကိုပေးသော ပညာပဒေသာပင်များဖြစ်သည်။ စာဖတ်၍ ပညာဗဟုသုတကြွယ်သောအခါ စာဖတ်သူသည်မိမိ၏စိတ်ကိုမိမိ ဆုံးမပဲ့ပြင်လာတတ်သည်။ အမှားအမှန်ကိုပိုင်းခြားဝေဖန်လာတတ်သည်။ နေ့စဉ် ကြုံတွေ့ရသောပြဿနာတို့ကို ဖြေရှင်းနိုင်တတ်သည်။ အတွေးအခေါ် ရင့်သန်လာသည်နှင့်အမျှ မိမိပြုမူပြောဆိုလုပ်ကိုင်သောအကြောင်းခြင်းရာတို့သည် လူ့လောကနှင့်ဝင်ဆံ့လာတတ်သည်။ ဤအချက်ကို သိမြင်သောခေတ်မီနိုင်ငံတို့သည် လူတိုင်းစာဖတ်သော အလေ့အထပြန့်ပွားအောင် တိုက်တွန်းနှိုးဆော်ပေးကြသည်။ ထို့ကြောင့်လည်း နိုင်ငံတကာတွင် စာကြည့်တိုက်များ အခွန့်ရှည်စွာတည်တံ့အောင် ထူထောင်ခြင်းအလုပ်ကို အလေးဂရုပြု၍လုပ်ဆောင်ကြခြင်းဖြစ်သည်။

စာကြည့်တိုက်သည် ပုံနှိပ်စာအုပ်များ၊ လက်ရေးစာမူများကို လူခပ်သိမ်းတို့လေ့လာရန် စုဆောင်းထားရာဌာနဖြစ်သည်။ ယခုခေတ် စာကြည့်တိုက်များသည် မည်သူမဆို ဝင်ထွက်သွားလာနိုင်၍ စာအုပ်များငှားရမ်းဖတ်ရှုနိုင်သဖြင့် စာကြည့်တိုက်များသည် စာဖတ်၍ကောင်းသော နေရာတစ်ခုပင်ဖြစ်တော့သည်။ စာကြည့်တိုက်များတွင် နိုင်ငံတော်စာကြည့်တိုက် တစ်နည်း အမျိုးသားစာကြည့်တိုက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဖွင့်လှစ်ထားသည့် ပြည်သူ့စာကြည့်တိုက်၊ ကျောင်းနှင့်တက္ကသိုလ်များက ထူထောင်ထားသော စာကြည့်တိုက်၊ ကလေးစာကြည့်တိုက်၊ နယ်လှည့်စာကြည့်တိုက်ဟူ၍ မြားမြောင်စွာရှိနေပြီဖြစ်ရာ မိမိနှင့်နီးစပ်သည့် မည်သည့်စာကြည့်တိုက်မဆို သွားရောက်ငှားရမ်းဖတ်ရှုနိုင်နေပြီဖြစ်သည်။ စာဖတ်ခြင်းအလေ့ကို မိမိဘာသာပြုစုပျိုးထောင်နိုင်ရန် စာကြည့်တိုက်ကိုအားကိုးနိုင်မည်ဖြစ်သည်။

သို့ရာတွင် စာဖတ်ခြင်းမှ အကျိုးများပြည့်ပြည့်ဝဝရနိုင်ရန်မှာ စာဖတ်ရာတွင် နည်းစနစ်ကျဖို့လိုအပ်သည်။ ဦးစွာ၌စာအုပ်ကောင်းများကို မိတ်ဆွေကောင်းများအား ရွေးချယ်ရသကဲ့သို့ ရွေးချယ်ရပေလိမ့်မည်။ စာအုပ်များ၌ မိမိစိတ်ကို ဖြေဖျော်ပေးသည့် စာအုပ်ကတစ်မျိုး၊ မိမိအား ဉာဏ်ပညာဗဟုသုတ အတွေးအခေါ်ရင့်သန်အောင် သွန်သင်ပေးသည့် စာအုပ်ကတစ်မျိုးဟူ၍ ရှိလေသည်။ အခါကာလအားလျော်စွာ မိမိစိတ်ကြိုက်လည်းဖြစ်၍ မိမိအားလည်း အကျိုးတရားပွားများစေသော စာအုပ်ကို ရွေးချယ်တတ်ရမည်။ စာဖတ်ခြင်းနည်းကို ပညာရှင်အမျိုးမျိုးတို့က ညွှန်ပြခဲ့ကြရာတွင် ဂမ္ဘီသာရပျို့လာ ရှင်မဟာရဋ္ဌသာရ၏ ''သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ၊ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့၊ စာသင်ပျိုနု၊ အခြေပြုတို့''ဟူသောဩဝါဒသည် တန်ဖိုးအရှိဆုံးဖြစ်သည်ဟု ယူဆထိုက်လေသည်။ ထိုအက္ခရာရှစ်လုံးမှာ အကျဉ်းပြသောပါဠိစကားများဖြစ်သည်။ အဓိပ္ပာယ်မှာ သု-သုဏေယျ ကြားနာရာ၏။ စိ-စိန္တေယျ ကြံစည်ရာ၏။ ပု-ပုစ္ဆေယျ မေးမြန်းရာ၏။ ဘာ-ဘာသေယျ ပြောဆိုရာ၏။ ဝိ-ဝိစာရေယျ ဆင်ခြင်ရာ၏။ လိ-လိခေယျ ရေးသားရာ၏။ သိ-သိက္ခေယျ လေ့ကျင့်ရာ၏။ ဓာ-ဓာရေယျ နှုတ်ငုံဆောင်ရာ၏ဟူ၍ပင်ဖြစ်သည်။ ထိုအင်္ဂါရှစ်ပါးမှာ စာဖတ်ခြင်း၏အခြေခံဖြစ်သည်။ ထိုရှစ်ပါးတို့အနက် စာဖတ်၍ကြားသိရသော ဗဟုသုတတို့ကိုစုစည်းပြီးလျှင် မရှင်းမလင်းသည်တို့ကို သူတစ်ပါးအားမေးမြန်း၍ ဆွေးနွေးပြောဆိုသင့်သည်။

သို့မှသာလျှင် အကောင်းအဆိုးတို့ကို ဆင်ခြင်ဝေခွဲနိုင်မည်ဖြစ်သည်။ ဤသို့ပိုင်းခြားဝေဖန်ကြည့်ပြီးသော် စာ၏အမြုတေတို့ကို ရေးမှတ်ခြင်း၊ လေ့ကျင့်ခြင်း၊ အာဂုံဆောင်ခြင်းတို့ကို ပြုလုပ်သင့်သည်။ သကြားသည်ချိုသည်။ ဆားသည် ငန်သည်။ ချိုခြင်း ငန်ခြင်းကို သာမန်အားဖြင့် သိကြသည်။ ချိုသောအရသာသိဖို့ရာအတွက် သကြားကို စားသင့်သည်။ ငန်သောအရသာသိဖို့ရာအတွက် ဆားကိုမြည်းသင့်သည်။ သို့မှသာ ချိုခြင်းငန်ခြင်းသည် ပီပြင်မည်ဖြစ်သည်။ စာဖတ်ပါဟုတိုက်တွန်းသည်။ မည်သည့်အကျိုးကျေးဇူးရမည်နည်းဟူသည် သင်စာဖတ်ပါမှ သိမည်ဖြစ်သည်။ သို့ကြောင့် စာဖတ်ပါဟု တိုက်တွန်းရခြင်းဖြစ်ပါသည်။ ။

★ စာမျက်နှာ ၁၅ မှအဆက်

ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့်ဌာနဆိုင်ရာ

**❖ ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဆေးရုံများအားလုံးတွင် ဆရာဝန်များရှိစေရေး ဆောင်ရွက်ပေးထား၊ ဆေးရုံသုံးပစ္စည်းများ လုံလောက်စွာရရှိရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ . . .**

**❖ ဒေသအတွက် ကောင်းရာကောင်းကျိုးဆောင်ရွက်မည့်သူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ကို ဆောင်ရွက်သွားရမည်ဖြစ်၊ အဆင့်ဆင့်သတင်းပေးသည့်စနစ်ကို ဖော်ဆောင်ခြင်းအားဖြင့် ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်နိုင်မည်ဖြစ်၊ ပြည်သူများတစ်ဦးချင်းနှင့် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများလုံခြုံရေးအသိတရားဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက လုံခြုံရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ် . . .**

တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

**ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ညပိုင်းတွင် တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ပြီး စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

၎င်းနောက် စေတီတော်မြတ်ကြီးပေါ်ရှိ ရှုခင်းသာ View Point မှတစ်ဆင့် တောင်ကြီးမြို့၏ ရှုခင်းများကိုကြည့်ရှုကာ တောင်ကြီးမြို့ရှိ သဘာဝအရင်းအမြစ်များ မပျောက်ပျက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကိုပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်သူတွေခိုလှုံရာ အရပ်သားပစ်မှတ်တွေကို အဓိကထားတိုက်ခိုက်လာတဲ့ အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ၄-၉-၂၀၂၄ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သမားများ၏ ဖျက်ဆီးမှုကြောင့် လျှပ်စစ်ဓာတ်အားမထုတ်လုပ်နိုင်မှု မဂ္ဂါဝပ် ၁၆၀၀ ကျော်ရှိနေသည့် ရေအားလျှပ်စစ်စီမံကိန်း(၈)ခုနှင့် အခြားရပ်ဆိုင်းထားရသည့် စီမံကိန်းများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၉-၂၀၂၄(ဗုဒ္ဓဟူးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း | ၉။ | ၁၁:၄၀ | Sport Review |
| ၂။ | ၇:၁၆ | မေတ္တာပို့ | ၁၀။ | ၁၃:၁၀ | အမှတ်တရနေ့ရက်များ |
| ၃။ | ၇:၂၁ | ဓမ္မပူဇာတေး | ၁၁။ | ၁၄:၁၀ | ရုပ်မြင်သံကြားဇာတ်လမ်း(၇-၈နာရီ)(Rep) |
| ၄။ | ၇:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၂။ | ၁၆:၁၅ | အမျိုးသားရေးတေးကဗျာ |
| ၅။ | ၇:၄၀ | မျိုးချစ်တပ်မတော် | ၁၃။ | ၁၆:၅၀ | ယဉ်ကျေးလိမ္မာဓမ္မတေးကဗျာ |
| ၆။ | ၈:၄၅ | ဇာတ်လမ်းတို | ၁၄။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၇။ | ၁၀:၅၀ | Liked | ၁၅။ | ၁၈:၄၀ | Music Gallery |
| ၈။ | ၁၁:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | | | |

## အသိပညာ လိမ္မာပေါင်း

➡ မြန်မာ့သမိုင်း၊ စဉ်မရိုင်းအောင်
နှိုင်းမဲ့မြင့်မြတ်၊ စွမ်းဂုဏ်ဒြပ်နှင့်
တို့တပ်မတော်၊ ဇာနည်မော်သည်
ဖော်ဆောင်ချုပ်ခြာ၊ ပြည့်အာဏာကို
ကာကွယ်မြဲပေ၊ ကြည်းရေလေဖြင့်
မသွေစောင့်ကြပ် သက်နှင်းအပ်၏။

➡ မွန်မြတ်တန်ဖိုး၊ ဘုန်းတန်ခိုးနှင့်
အမျိုးပြည်သူ၊ ဘာသာယူအတွက်
ကြည်ဖြူပေးဆပ်၊ သက်နှင်းအပ်သည့်
တပ်မတော်သား၊ ညီနောင်များ၏
လှုပ်ရှားညီညီ၊ စစ်တက်ချီတိုင်း
စွမ်းရည်ပညာ ကျွမ်းကျင်ပါ၏။

➡ ကျိုးဖော်ကြောင်းယှက်၊ နီးနွယ်ဆက်သော
ဖြန့်ကြက်သမိုင်း၊ ဖြစ်စဉ်တိုင်းမှ
ဆစ်ပိုင်းကြုံရ၊ အဝဝတွင်
ထွန်းပပညာ၊ ကျွမ်းကျင်စွာဖြင့်
လိမ္မာပါးနပ်၊ ပြည့်သားမြတ်တို့
မွန်မြတ်စစ်သည်၊ ဘာမထီဟု
ဂုဏ်ရည်သတင်း မွှေးပျံ့သင်း၏။

➡ ဤယနေ့ကား. . .
မမေ့သတိ၊ သုံးပါးသိဖြင့်
သတ္တိလူလူ၊ အောင်လံထူသော
ပြည်သူတို့သား၊ ဇာနည်များလျှင်
ထွန်းကားပညာ၊ သာထက်သာဖို့
လိမ္မာမြှင့်တင်၊ ခါခိုက်ပင်တည့်
မြင်သာထင်ရှား၊ ပြည်သူ့အားကို
ဆပွားသုံးစွဲ၊ ခေတ်စစ်ပွဲတို့
ဆင်နွှဲကျယ်ဝန်း၊ အခန်းခန်းတွင်
အောင်ပန်းဆင်ကြောင်း၊ အားသစ်လောင်း
အသိပညာ လိမ္မာပေါင်း
အောင်ပွဲအလီလီ တည်စေကြောင်း။ ။

**ဟန်ညွန့်(ယဉ်ကျေးမှု)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ကြီးမြို့ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။

အတွက်လည်း နိုင်ငံတော်အနေဖြင့် စာကြည့်တိုက်များကို တိုးချဲ့ဖွင့်လှစ်၍ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ပညာမြင့်မားရေးသည် နိုင်ငံတိုးတက်ရေးပင်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့ပြင်အနာဂတ်နိုင်ငံတော်ကို ဦးဆောင်တည်ဆောက်ကြမည့် အနာဂတ်လူသားအရင်းအမြစ်များအနေဖြင့် စည်းကမ်းစနစ်တကျရှိသည့် လူငယ်များဖြစ်ရန်လည်း လိုကြောင်း၊ **“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”** ဆိုသည့်အတိုင်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆရာ၊ ဆရာမများ၏သွန်သင်ဆုံးမမှုများကို ဦးစွာ ခံယူခဲ့ရသူများဖြစ်ကြောင်း၊ ငယ်စဉ်က အတန်းပြီးဆုံးအောင်တက်ရောက်ခဲ့ကြသူများမှာ စည်းကမ်းစနစ်တကျဖြင့် နေထိုင်ရန်လိုပြီး ဥပဒေကို လူတိုင်းသိရှိလိုက်နာရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဥပဒေပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ သိရှိနားလည်နိုင်ရေး တက္ကသိုလ်များတွင် ဥပဒေပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ KG+ 11 နှင့် KG+12 တို့ရှိ ကျောင်းသား၊ ကျောင်းသူများကိုလည်း ဥပဒေဆိုင်ရာအခြေခံများကို သိရှိနိုင်ရေးဥပဒေပိုင်းဆိုင်ရာ အခြေခံအသိအမြင်များကို သင်ကြားပို့ချပေးသွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းမည်ဟု ယုံကြည်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍လည်း ဆေးရုံများ အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဆေးရုံများအားလုံးတွင် ဆရာဝန်ဆောင်ရွက်ကြစေလိုကြောင်း။

## ပြည်သူ့လုံခြုံရေး

လုံခြုံရေးနှင့်ပတ်သက်၍ ဒေသအတွက် ကောင်းရာကောင်းကျိုးဆောင်ရွက်မည့်သူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆင့်ဆင့် သတင်းပေးသည့်စနစ်ကို ဖော်ဆောင်ခြင်းအားဖြင့် ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများတစ်ဦးချင်းနှင့်သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများ လုံခြုံရေးအသိတရားဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက လုံခြုံရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံကောင်းအောင်ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးပေါ်ရှိ ရှုခင်းသာ View Pointမှ တစ်ဆင့် တောင်ကြီးမြို့၏ ရှုခင်းများကို ကြည့်ရှုစဉ်။

☆ စာမျက်နှာ ၁၇ မှအဆက်

အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ပိတ်ထားရကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်အားလုံး အနည်းဆုံး KG+9 အဆင့်အထိ တက်ရောက်အောင်မြင်ရန်လိုကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့်အထိ သင်ယူပြီးပါက ဘဝတိုးတက်ရေးအတွက် လိုအပ်သည့် အတတ်ပညာများကို ဆက်လက်သင်ယူနိုင်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသည့်ကျောင်းသား၊ ကျောင်းသူများအားလုံးကိုလည်း အဆင့်မြင့်ပညာဆက်လက်သင်ယူနိုင်ရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာတတ်များဖြစ်မှသာ ၎င်းတို့၏ အနာဂတ်တိုးတက်ကောင်းမွန်မည်ဖြစ်သကဲ့သို့ အတွေးအခေါ်များ ကောင်းမွန်လာပြီး စဉ်းစားဆင်ခြင်တုံတရားများလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ယခင်က အတန်းပညာအားနည်းခဲ့သူများ ဗဟုသုတနှင့် အသိပညာများရရှိနိုင်ရေး တတ်သူများဖြစ်သကဲ့သို့ ပညာကိုလည်း တတ်မြောက်အောင်မြင်နိုင်ကြသူများဖြစ်ကြောင်း၊ ဥပဒေ၏ အခြေခံမှာ စည်းကမ်းပင်ဖြစ်ပြီး အခြေခံဥပဒေဆိုင်ရာ အသိအမြင်များရရှိစေရေး ပညာပေးမှုများနှင့် ထိန်းကျောင်းမှုများကိုဆောင်ရွက်ပေးရန်လိုကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်ရာတွင် စည်းကမ်းစနစ်ကျနသည့် လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းကိုပုံဖော်ပေးများရှိစေရေးဆောင်ရွက်ပေးထားကြောင်း၊ ဆေးရုံသုံးပစ္စည်းများ လုံလောက်စွာရရှိရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာမှအလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ ဂရုစိုက်ဆောင်ရွက်ကြရန် လိုကြောင်း၊ ကျန်းမာရေးနှင့်ဆက်စပ်၍အားကစားကဏ္ဍ တိုးတက်မှုရှိစေရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးပမ်းမိမိတို့ကို ပေးအပ်ထားသည့် တာဝန်များ ထမ်းဆောင်ရာတွင် ချမှတ်ထားသည့် ကျင့်ဝတ်၊ စည်းကမ်းများကိုလိုက်နာပြီး နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့်တာဝန်ထမ်းဆောင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန်ကျရာဒေသများမှတစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး တတ်စွမ်းသရွေ့

စာမျက်နှာ ၁၄ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ **ကျောဖုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြ

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နိုင်မှု၊ မွေးမြူရေးဇုန်များအလိုက်လုပ်ငန်းများ တိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ရှမ်းပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ ဒေသနေပြည်သူများ ကျန်းမာကြံ့ခိုင်သန်စွမ်းစေရေးအတွက် အားကစားရုံများ၊ လေ့ကျင့်ရေးကွင်းများ အဆင့်မြှင့်တင်တည်ဆောက်ပေးထားမှုနှင့် အားကစားပွဲများကျင်းပလျက်ရှိမှု၊ စာကြည့်တိုက်များဖွင့်လှစ်ထားရှိမှုနှင့် တိုးချဲ့ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိမှု၊ ရှမ်းပြည်နယ်အတွင်းရှိ အချို့ဒေသများ၌ အကြမ်းဖက်သမားများ၏လုပ်ရပ်များကြောင့် ၎င်းတို့၏နေရပ်အသီးသီးမှ ဘေးလွတ်ရာနေရာများသို့ ယာယီနေရပ်စွန့်ခွာတိမ်းရှောင်နေရသူများအား ထောက်ပံ့မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှု၊ ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ယခုထက်လျင်မြန်ချောမွေ့စေရေးအတွက် လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကို တင်ပြသည်။

### တင်ပြချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြည်သူလူထုကိုအခြေပြုသည့် ပြည်သူ့လုံခြုံရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး၊ တရားဥပဒေနှင့်အညီဖြစ်စေရေး အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် အဆင့်ဆင့် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်လိုအပ်မှု၊ မိမိတို့ တာဝန်ယူရသည့်ဒေသများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုများ ပပျောက်စေရေးအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ရန်လိုအပ်မှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရှိရန် လိုအပ်မှုများကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများချမှတ်ဆောင်ရွက်ပေးလျက်ရှိမှု၊ ရှမ်းပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် လမ်းတံတားများနှင့် အဆောက်အဦများ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ရေရရှိရေးလုပ်ငန်းများနှင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုများကြောင့် နေအိမ်များပျက်စီးခဲ့ရသည့် ပြည်သူများအတွက် နေအိမ်များဆောက်လုပ်နိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှုတို့ကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပြည်သူလူထုများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ပေးနိုင်ရေး ဆေးရုံ၊ ဆေးခန်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိမှု၊ ဆေးရုံတိုင်းတွင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီဆောင်ရွက်လျက်ရှိမှု၊ အခြေခံဆေးဝါးများ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ပြည်သူ့ကျန်းမာရေးအတွက် ကုသရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပေးလျက်ရှိမှုများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရှမ်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုများ ပိုမိုတိုးတက်စေရေး လမ်းများအဆင့်မြှင့်တင်ခြင်းကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်လျက်ရှိမှု၊ ရာသီဥတုကြောင့်ပျက်စီးခဲ့ရသည့်လမ်းနှင့်တံတားနေရာများကိုပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုနှင့် တံတားအသစ်များ တည်ဆောက်လျက်ရှိမှုများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများမှစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေးဆောင်ရွက်ပေးနေမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်သူများနှင့် အပြန်အလှန်နှီးနှောဖလှယ်၍ တောင်သူများ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှုနှင့် မွေးမြူရေးအစာများ လုံလောက်စွာရရှိရေးဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားကြသည်။

### နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့်လုံခြုံရေးပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်ရာ၌ လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့်အခြေအနေများနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို ဦးစွာပြောကြားလိုကြောင်းဖြင့် ပြောကြားပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံရွေးချယ်၍ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု၊ စတင်တာဝန်ထမ်းဆောင်ခဲ့စဉ် ကိုဗစ်-၁၉ ရောဂါကြောင့်ဖြစ်ပေါ်ခဲ့ရသည့် အကျပ်အတည်းများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ရပ်များကို ဥပဒေနှင့်အညီထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့မှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပတ်သက်၍ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် ထိန်းထိန်းသိမ်းသိမ်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ခဲ့မှု၊ **အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံတော်တွင် နိုင်ငံရေးအရ အကျပ်အတည်းများ ဖြစ်ပေါ်နေမှုကို အခွင့်ကောင်းရယူ၍ နယ်မြေချဲ့ထွင်ရန် ကြိုးပမ်းဆောင်ရွက်မှုများကို ကြုံတွေ့လာခဲ့**ရမှု၊ ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များ

**❖ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အနေဖြင့် နိုင်ငံတော်တွင် နိုင်ငံရေးအရအကျပ်အတည်းများဖြစ်ပေါ်နေမှုကို အခွင့်ကောင်းရယူ၍ နယ်မြေချဲ့ထွင်ရန် ကြိုးပမ်းဆောင်ရွက်မှုများကို ကြုံတွေ့လာခဲ့ . . .**

ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုနှင့် အဆိုပါမဲမသမာမှုများကို တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့မှု၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့်အခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှနိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးကိုဖော်ဆောင်ပေးနိုင်မည့် စစ်ဘက်၊ အရပ်ဘက်မှပုဂ္ဂိုလ်များကို ကြောင့် ဒေသခံပြည်သူများအနေဖြင့် နေရပ်ဒေသများနှင့် နေအိမ်စည်းစိမ်များကို စွန့်ခွာပြီး အခြားဘေးလွတ်ရာဒေသများတွင် ယာယီသွားရောက်ခိုလှုံနေကြရမှု၊ လက်ရှိအချိန်တွင် အဆိုပါ**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခြေစိုက်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူ**

**လူထုတို့ကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိ**မှု၊ **တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်**မှု၊ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုများ အမြန်ဆုံးပြန်လည်ရရှိရေးအတွက် စည်းလုံးသောအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို အကျယ်တဝင့်ရှင်းလင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်လာကြသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**❖ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုတို့ကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိ၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ် . . .**

ပြောကြားသည်။

**နိုင်ငံ့စီးပွားကောင်းမွန်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် စီးပွားရေးနှင့်ပတ်သက်၍ စီးပွားရေးသည် နိုင်ငံရေးနှင့် ဆက်စပ်လျက်ရှိပြီး စီးပွားရေးကောင်းမွန်မှသာလျှင် နိုင်ငံရေးလည်း ကောင်းမွန်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ခေတ်အဆက်ဆက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားနည်းခဲ့ပြီး ပြည်ပပို့ကုန်နှင့် ပြည်ပသွင်းကုန်များတွင် ပြည်ပသွင်းကုန်များ ပိုမိုများပြားခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်ပမှတင်သွင်းရမှုများ များပြားခဲ့သဖြင့် နိုင်ငံခြားငွေလိုအပ်ချက်များဖြစ်ပေါ်ခဲ့ကြောင်း၊ ယခင်က ပြည်ပမှ ရရှိခဲ့သည့်ဝင်ငွေများကို ပြန်လည်စိစစ်ခဲ့ရာတွင် ချေးငွေများ၊ ထောက်ပံ့ငွေများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ပြည်ပမှဝင်ငွေများရရှိရန်အတွက် နိုင်ငံအတွင်းရှိ သယံဇာတများ ထုတ်ယူရောင်းချခြင်းနှင့် ကုန်သွယ်မှုရရှိငွေများဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရတာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်းများ တတ်နိုင်သမျှတင်ပို့ခြင်းမရှိခဲ့ဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့်ထွက်ကုန်များကို အဓိကပိုမိုတင်ပို့ခဲ့ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများကို များစွာသုံးစွဲကုန်ကျရလျက်ရှိကြောင်း၊ စားသုံးဆီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် ဆီထွက်သီးနှံစိုက်ပျိုးသည့်နိုင်ငံဖြစ်ပြီး မြေပဲနှင့်နှမ်းကို အဓိကစိုက်ပျိုးကြပြီး အခြားဆီထွက်သီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ သို့သော်လည်း ဆီထွက်သီးနှံများကို ဆီအဖြစ်ထုတ်ယူသုံးစွဲခြင်းထက် ပို့ကုန်များအဖြစ်တင်ပို့ခြင်းနှင့် တိုက်ရိုက်စားကုန်များအဖြစ်စားသုံးခြင်းများကြောင့် ဒေသတွင်းစားသုံးဆီလိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ပြည်တွင်း၌ ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလုံလောက်မှုရှိနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းများ၊ ပို့ကုန်ပစ္စည်းများ တိုးမြှင့်ရရှိရေးဆောင်ရွက်ရာတွင် အခြားပြည်ပနိုင်ငံများမှဆောင်ရွက်နေသည့်ခေတ်မီနည်းစနစ်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတုယူဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့်ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည့်ပထဝီဝင်မြေအနေအထားကို ပိုင်ဆိုင်ထားရှိကြောင်း၊ ထို့ကြောင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်စေရန်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် နိုင်ငံ့စီးပွားရေးကောင်းမွန်လာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းများ ပြန်လည်ကျဆင်းသွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ကုန်ထုတ်လုပ်မှုများ မြှင့်တင်ပေးရန်လိုပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် တောင်သူများအနေဖြင့် ဝင်ငွေများပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ ရှမ်းပြည်နယ်ဒေသအတွင်း သစ်ဝါးများ ပေါများစွာရှိကြောင်း၊ ထို့ကြောင့် သစ်တောထွက်ပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရှိပြီး သစ်နှင့်ဝါးကို အခြေခံသည့်ပျော့ဖတ်များ၊ တန်ဖိုးမြှင့်ပစ္စည်းများကို ထုတ်လုပ်နိုင်ကြောင်း၊ တစ်ဖက်တွင်လည်း သစ်တောပြုန်းတီးမှုများကို ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ အခြားတွင်းထွက်ပစ္စည်းများဖြစ်သည့် ကျောက်မီးသွေးထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ပိုင်ဆိုင်ထားကြောင်း။

**ပညာရေးနှင့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးရေး**

ထိုကဲ့သို့ ပြည်တွင်းကုန်ထုတ်လုပ်မှုများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ဒေသအတွင်း ပညာတတ်လူသားအရင်းအမြစ်များပေါ်ကြွယ်ဝရန်လည်း လိုသဖြင့် ပညာရေးကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ အချို့ကျောင်းများ၊ တက္ကသိုလ်များနှင့် ကောလိပ်များသည်

စာမျက်နှာ ၁၅ သို့ ✩

**❖ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့်ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည့် ပထဝီဝင်မြေအနေအထားကို ပိုင်ဆိုင်ထားရှိ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန်လို၊ ထိုသို့ဆောင်ရွက်မှသာလျှင် နိုင်ငံ့စီးပွားရေးကောင်းမွန်လာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းများပြန်လည်ကျဆင်းသွားမည်ဖြစ် . . .**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets members of Shan State cabinet, state and district level departmental officials

NAY PYI TAW September 3

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met members of Shan State cabinet, state and district level departmental officials at the city hall of Taunggyi this morning.

Also present together with the Senior General were SAC Joint Secretary General Ye Win Oo, SAC members Lt-Gen Yar Pyae, Porel Aung Thein, Khun San Lwin, union ministers Lt-Gen Tun Tun Naung, Dr Thet Khaing Win, U Myo Thant, Shan State Chief Minister U Aung Aung, senior military officers from the Office of the Commander-in-Chief, the Eastern Command commander and deputy ministers.

**Regional facts and development activities presented**

The chief minister reported on regional facts, ongoing farming activities and production capacity, development undertakings of breeding zones, MSME development, tourism development undertakings in Shan State, improvement of health sector, upgrading of gymnasiums, training grounds for health and fitness of locals, holding of sports meets, existing libraries and extension programs, ongoing aid programs for temporarily displaced persons who left their homes due to terrorism in some areas, and upgrading of roads to further facilitate the transportation of the state.

**Clarification of officials**

As regards the reports, SAC member Union Minister for Home Affairs Lt-Gen Yar Pyae explained the implementation of public security system based on the people, supervision of administrators at all levels to ensure that the implementation of people's militia law do not cause burden for the public and is in accord with the law, public participation in law enforcement undertakings of the relevant areas to wipe out online gambling, online fraud and illicit drug trafficking, necessary preparations for success of population and housing census, Union Minister for Border Affairs Lt-Gen Tun Tun Naung explained financial years-wise border areas development undertakings, development undertakings including construction of roads, bridges, buildings, water supply facilities and solar power stations in Shan State and self-administered areas in it, assistance provided in rebuilding homes for the victims of terrorist arson attacks, opening of institutions of higher learning and training schools for human resources development, Union Minister for Health Dr Thet Khaing Win explained upgrading of hospitals and clinics to improve public health, availability of doctors and medicines in every hospital, nation-wide treatment campaigns for public health, Union Minister for Construction U Myo Thant explained financial year-wise upgrading of roads for transportation improvement of the state, repair and maintenance of roads and bridge destroyed by weather and erection of new bridges, deputy ministers for agriculture, livestock and irrigation explained application of innovative methods for development of farming activities, manufacturing of value-added agro-goods, seminars to help solve the difficulties of farmers, availability of quality strains for

See Page - 19 ●●



Senior General Min Aung Hlaing visits the Shwe Phone Pwint Pagoda.





Senior General Min Aung Hlaing meets Shan State Government members and state and district level departmental personnel.

●● From Page - 18

farming industry, and production of adequate amount of feed.

**Clarified political developments and security issues in the country**

After that, in his speech, the Senior General said his visit to Shan State is to discuss and coordinate regional development needs. Following the declaration of a political emergency under the 2008 constitution, the Tatmadaw assumed governmental responsibilities. A blend of military and civilian members was appointed to the State Administration Council to advance national interests and tackle pressing issues. During his tenure, the Senior General has adhered to legal protocols to manage the COVID-19 crisis and the incidents of violence caused by the incitement of those seeking political gain. The state and the Tatmadaw have responded with restraint to the actions of ethnic armed groups. **Some of these groups have exploited the political crisis to expand their territories,** causing local residents to flee and seek safety. Currently, **these armed insurgents are using civilian infrastructure for protection and compelling displaced individuals to return as human shields. They are also engaging in forced recruitment. The Tatmadaw remains committed to protecting national sovereignty and will respond appropriately based on available information and the actions of these insurgents.** The Prime Minister emphasized the importance of towns and village safety and security, urging a collaborative effort between the state and Tatmadaw to restore peace and stability as swiftly as possible.

**Encouraging domestic manufacturing activities is essential for the country's economic prosperity**

The Senior General continued by highlighting the interconnectedness of the economy and politics, noting that a strong economy often leads to a stable political environment. He pointed out that domestic manufacturing in the country has historically been weak, with a higher reliance on foreign imports compared to exports. This heavy import reliance has increased the demand for foreign currency. Previously, revenue from abroad primarily came from loans, grants, and foreign investments. To generate income, the government focused on extracting and selling domestic resources, as well as trade earnings. Under our administration, the emphasis has shifted from exporting natural resources to prioritizing agricultural products.



Senior General Min Aung Hlaing greets Shan State Government members and state and district level departmental personnel.

Our country spends substantial amounts of foreign currency annually on importing fuel oil and cooking oil. Despite being a producer of oil crops, including peanuts, sesame, and other varieties, we primarily export these crops and consume them directly as food products rather than processing them into oil. This practice increases our dependence on imported cooking oil. By enhancing domestic oil crop yields and processing them locally into cooking oil, we could reduce our reliance on imports and meet our regional cooking oil needs more effectively.

To boost agriculture-based products and exports, we need to adopt modern methods and practices from other countries. Our country benefits from well-irrigated land suitable for agricultural and livestock activities and is strategically positioned to export to markets with demand. To enhance agriculture and livestock, it is crucial for all departmental officials and citizens to collaborate. This collective effort will improve the economy and reduce commodity prices. We should focus on improving manufacturing by enhancing agricultural and livestock products, which will increase farmers' incomes. Additionally, Shan State's abundant trees and bamboo plants offer opportunities for manufacturing forest products based on wood and bamboo, and value-added products. While pursuing these opportunities, it is essential to manage deforestation responsibly. There are also prospects for mining and producing other minerals like coal and steel.

**Education and healthcare sectors must be promoted**

As it is necessary to make educated human resources abundant in the region to boost domestic production, education must be encouraged. Some schools, universities and colleges in Shan State were forced to close due to terrorist attacks. All school-aged children must complete at least KG+9. After completion of middle school level, students will be able to study vocational training for development of their lives. Measures must be taken to enable all students who have passed matriculation to study advanced education. As they are educated, they will be prosperous in the future, their ideologies and rationale will be developed. The government has been expanding libraries to enable those who were weak in formal education to acquire knowledge and to enhance reading skills. As education qualities contribute to development of the country, emphasis must be placed on education.

Moreover, future human resources that will lead the future of the country are required to be disciplined youths. In accordance with the motto **"national discipline start from schools",** students are those who come under the teachings of their teachers. As those who have completed their classes in their younger lives can lead proper lives, they are able to become intellectuals. The fundamental of the law is disciplines and measures must be taken to educate and supervise them to study the constitution. In building the union based on multi-party democracy system, it is necessary to shape the disciplined society and everyone must abide by the law. Therefore, students are taught law in universities. It is necessary to teach fundamental concepts of laws must be taught to students in KG+ 11 and KG+12 students. Doing so will contribute a lot to the country.

In connection with the health sector, hospitals are being upgraded. In accordance with the policy that every hospital must have doctors, measures are being taken to appoint medical doctors in hospitals. Efforts are being made to provide medical equipment to hospitals. As one can work or study only when one is healthy, care should be taken for the health sector. In connection with the health sector, respective regions and state must exert efforts.

**Public Security**

In connection with public security, the public security system must be implemented in cooperation with those who want to contribute to the interests of regions, the police and administrative bodies. By implementing information systems at different levels, stability of wards and villages can be achieved. If individuals and relevant security authorities cooperate based on security awareness, this will contribute a lot to public security. This amounted to serving the interests of the country. Government employees are required to perform their duties in accordance with codes of conducts and disciplines. Members of the Shan State Government, state- and district-levels officials are urged to exert efforts as much as possible in areas they are assigned duties for development of the country. After the meeting, the Senior General and party cordially greeted members of the Shan State Government and state- and district-levels officials.

**The Senior General pays obeisance to Shwe Phone Pwint Pagoda**

Then, the Senior General and party paid obeisance to the Shwe Phone Pwint pagoda, which is a landmark of Taunggyi and they were greeted by members of the Pagoda board of trustees. Afterward, the Senior General and party offered flowers, water and lights to the Pagoda and walked around it clockwise.

Then, the Senior General and party enjoyed the landscape of the town from the view point on the pagoda and gave instructions on renovation of the pagoda natural resources in the town.

Afterward, the Senior General presented cash donations for all-round renovation of the pagoda to members of the pagoda board of trustees.

100

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects activities related to maintaining peace and stability in Eastern Command area



Senior General Min Aung Hlaing gives guidance on measures for regional peace and stability.

NAY PYI TAW September 3

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by Commander-in-Chief (Navy) Vice Admiral Htein Win, Commander-in-Chief (Air) General Tun Aung, Union-level officials, senior military officers from the Office of the Commander-in-Chief, and officials, inspected the activities related to maintaining peace and stability in the Eastern Command area this morning.

First, at the meeting hall of the Eastern Command, Commander Maj-Gen Zaw Min Latt provided a briefing. He discussed the collaboration of military personnel, Myanmar Police Force members, and members of the local People's Militia in maintaining regional security and protecting roads and bridges. He also reported on the reconstruction efforts in Loikaw and other towns affected by the attacks of KNPP, KNDF groups, and PDF terrorists. The briefing also covered the seizure of weapons and ammunition from PDF terrorists during security operations, the surrender of PDF members, and the seizure of illegal timber.

Regarding the briefings, the Senior General stressed the need to systematically carry out operations to maintain regional peace and stability for the safety and security of the people's lives and property. He emphasized that in conducting peace and security operations, there should be continuous intelligence gathering to maintain a steady flow of security-related information. Measures should be taken to prevent damage to public roads and bridges frequently used by the general public. Similarly, regional development activities should also be implemented. He noted that the Pa-O Self-Administered Zone has been working in coordination with the state and the Tatmadaw to maintain regional peace and stability since achieving peace in the past. He instructed that measures should be taken to prevent instability caused by terrorist activities in their regions. It was also mentioned that **the armed insurgent groups, MNDAA, TNLA, and AA, were designated as terrorist organizations by the state on September 2, and those associated with them are considered supporters of terrorism.**

He further directed that police and administrative personnel, who interact closely with the public, must ensure that public safety operations provide good public services and are conducted fairly and transparently, without causing any burden to the people. He also highlighted the need for coordinated efforts in security matters to ensure the success of the population census and household enumeration and provided guidance on other necessary measures for maintaining regional peace and stability.



Senior General Min Aung Hlaing inquires about the health of a patient.

After that, the Senior General and party, accompanied by Union Minister for Health Dr. Thet Khaing Win, and Chief Minister of Shan State U Aung Aung, visited the local military hospital in Aungban town. They met with and encouraged officers and soldiers who had been injured while performing national defense and security duties, inquiring warmly about their injuries and recovery conditions on an individual basis. They also took note of their reports and provided necessary support.

Following this, the Senior General and party presented honoraria and gifts to the officers and other ranks currently receiving medical treatment at the hospital.

Afterwards, the Senior General inspected the construction progress of a 400-meter running track and football field within the hospital premises and provided necessary guidance based on the reports from the responsible personnel.

# SAC Chairman Prime Minister Senior General Min Aung Hlaing inspects Sao San Tun Hospital in Taunggyi, meets health staff

NAY PYI TAW September 3

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his entourage, this afternoon, inspected San Sao Tun Hospital in Taunggyi, Shan State (South), and met with health staff.

On arrival at the hospital, the Senior General and party were welcomed by medical superintendent Dr Win Maw Oo, professors, specialists and nurses.

The Senior General comforted local people receiving medical treatment at the emergency ward, asked after their health conditions and comforted them with gifts of foodstuffs.

At the meeting hall of the hospital, the medical superintendent reported on brief history of the hospital, construction of buildings and new patient wards, process of providing cancer treatment, monthly medical treatment process, undertakings of special care treatment, X-ray process, radiation treatment, and more requirements for providing cancer treatment.



Senior General Min Aung Hlaing speaks in meeting with Sao San Tun Hospital staff.

In his response, the Senior General pledged to provide necessary machinery for the hospital. It is necessary to systematically conduct treatment with the use of machinery. Necessary hospitals will be upgraded and extended among other hospitals in Shan State, depending on population of the hospital area. It is necessary to consider the sites for extended construction of the hospital. Housings for health staff must be built at hospitals. Necessary specialists will be appointed for hospitals. The Senior General fulfilled the requirements of the hospital.

Speaking on the occasion, the Senior General noted that people need to be healthy. Only when they are healthy will they work. They have sound foundations for health conditions since their childhood. Hence, they need to take care of food supply. The Senior General urged officials to systematically manage health sector. Efforts must be made for hospitals to be reliable for the people. Health staff have systematic measures in relations and treatments for the patients. As hospital is a venue to provide healthcare services to the people, the facility must be clean and tidy with systematic waste process.

Health staff must be start as they are providing healthcare services to the people. They have to improve themselves to attract reliance of patients. They have to give proper healthcare services to the people. Arrangements must be made for giving health food supplies to patients. The government is fulfilling needs as much as possible to improve health sector and arranges convenience of health staff for their accommodation. Staff must serve duty with loyalty to the State and they have to strive for catching reliance of the people.

The Senior General viewed round the hospital buildings, machinery and relevant record books and gave guidance to officials to systematically keep records and documentaries.

Sao San Tun Hospital was built through economic and expertise cooperation of the Soviet Union by Commander Brig-Gen Maung Lwin (BSc Engineering) of Rehabilitation Brigade No 1 in 1957. It aimed to ensure Russia-Myanmar friendly ties. Construction of all buildings cost Ks-4 million. In June 1961, the hospital was commissioned into service. The first-ever medical superintendent of the hospital was Dr Sao Naw Kham and it was only one general hospital in Shan State. Since its establishment, the hospital has accommodated 20 hospitals. On 16 December 2015, the hospital was upgraded to the general hospital (500-bed). **100**



Senior General Min Aung Hlaing views hospital documents.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၆/၂၀၂၄)သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြား



နေပြည်တော် စက်တင်ဘာ ၃

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၆/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Online မှ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပြည်သူ့စစ်မှုထမ်းနည်းဥပဒေရေးဆွဲခြင်းကို အစည်းအဝေးအကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ဗဟိုအဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ အကြံပြုချက်များပေးပို့ခဲ့မှုအပေါ် အပြန်ပြန်အလှန်လှန်စိစစ်သုံးသပ်၍ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေမူကြမ်းကို ရေးဆွဲခဲ့ရာ ယခုနောက်ဆုံး သတ္တမမူကြမ်း ရရှိပြီးဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁)မှ(၄)အထိ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဖွင့်လှစ်ပြီးခဲ့သည့်သင်တန်းများနှင့်ပတ်သက်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ရည်မှန်းချက်ပြည့်မီအောင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အပြင် အုပ်ချုပ်မှုလျှော့နည်းဖြစ်စဉ်အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ကိုယ်လက်အင်္ဂါချို့ယွင်းသူများ၊ မျက်မြင်အနေအထားအရ ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်ရန် မကိုက်ညီသူများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်ရရှိမည့်သူများအား ဆင့်ခေါ်ခြင်း မပြုမိစေရန်လည်း အထူးဂရုပြုကြရန်လိုမည်ဖြစ်ပါကြောင်း၊ မျက်မြင်အားဖြင့် ပဏာမစိစစ်ရမည့်အချက်များကိုလည်း နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသို့ ဖြန့်ဝေပေးထားပြီး ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းများအား သင်တန်းတက်ရောက်ရန်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် စုရပ်များမှတစ်ဆင့် သက်ဆိုင်ရာသင်တန်းကျောင်းအသီးသီးသို့ ပို့ဆောင်ရပါကြောင်း၊ အချို့သော တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ကုန်းလမ်း၊ ရေလမ်းဖြင့်ပို့ဆောင်ရန် ခက်ခဲသည့်ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား လေယာဉ်၊ ရဟတ်ယာဉ်၊ ရေယာဉ်များဖြင့် ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများက ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်ဆိုင်ရာကိစ္စများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး အသိပညာပေးဆောင်ရွက်မှုအခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဥက္ကဋ္ဌများက စစ်မှုထမ်းဆင့်ခေါ်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် တွေ့ကြုံရသည့် အားသာချက်/အားနည်းချက်များကိုလည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အလုပ်အဖွဲ့များက သင်တန်းများဖွင့်လှစ်ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက်အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များသည် ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာတွင် ဥပဒေနှင့်အညီဆောင်ရွက်ကြရန်၊ ဥပဒေအရ သတ်မှတ်ထားသည့် အသက်မပြည့်သူများ မပါရှိစေရေး အထူးအလေးထားကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ကင်းလွတ်၊ လျှော့ပေါ့၊ ရွှေ့ဆိုင်းခွင့်များနှင့်ပတ်သက်၍ ဗဟိုအဖွဲ့သို့ အချိန်မီတင်ပြနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ သို့မှသာ ဗဟိုအဖွဲ့အနေဖြင့် ဥပဒေအရ ခွင့်ပြုပေးနိုင်မည့်သူများအား သင်တန်းမစမီ ခွင့်ပြုပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာအလုပ်အဖွဲ့များက ပြည်သူ့စစ်မှုထမ်းကိုယ်ရေးအချက်အလက် စီမံခန့်ခွဲမှုစနစ် (National Service Information Management System- NSIMS) နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုပါကြောင်း။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၅/၂၀၂၄)ကို မကြာမီကာလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ယခင်ကြုံတွေ့ခဲ့ရသည့် အားနည်းချက်၊ အားသာချက်များအပေါ် သုံးသပ်ပြီး သတ်မှတ်ထားသော စံပြုလုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(မဝ)

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅/၂၀၂၄) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်ကြည့်ရှုအားပေး



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၅/၂၀၂၄) သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

နေပြည်တော် စက်တင်ဘာ ၃

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ နယ်မြေသင်တန်းကျောင်း၌ ရောက်ရှိနေသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၅/၂၀၂၄)သို့ တက်ရောက်မည့်နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့်တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အမေရိကန်က ယူကရိန်းသို့ တာဝေးပစ်ဒုံးကျည်များပို့ရန် နီးစပ်နေပြီဟုဆို

**ဝါရှင်တန်၊ စစ်ရေး**

အမေရိကန်အစိုးရက ယူကရိန်းနိုင်ငံသို့ တာဝေးပစ်ဒုံးကျည်များပေးပို့နိုင်ရေးအတွက် ခွင့်ပြုရန်နီးစပ်နေပြီဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများ၏ပြောဆိုမှုကို ကိုးကား၍ ပြည်တွင်းသတင်းဌာနများက စက်တင်ဘာလ ၃ ရက်တွင် ရေးသားဖော်ပြထားသည်။

ပေးပို့သွားမည့်ဒုံးကျည်များတွင် ပူးတွဲဝေဟင်မှ မြေပြင်ပစ်ခုခံကာကွယ်ရေးဒုံးကျည်(JASSM) များပါဝင်ဖွယ်ရှိသည်ဟု သတင်းအရင်းအမြစ်သုံးခုကပြောသည်။

ထိုဒုံးကျည်များသည် အမေရိကန်နိုင်ငံထုတ်တိုက်လေယာဉ်တွင်သာ တပ်ဆင်အသုံးပြုရန် ဒီဇိုင်းရေးဆွဲထားသော်လည်း ယူကရိန်းရှိအခြားသောတိုက်လေယာဉ်များတွင်လည်း တပ်ဆင်အသုံးပြုနိုင်ရန် ကြိုးပမ်းနေကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခင် JASSM ဒုံးကျည်များက မိုင် ၂၃၀ ခန့်သာပျံသန်းနိုင်သော်လည်း ယခုတာဝေးပစ်ဒုံးကျည်များမှာ မိုင် ၅၀၀ ကျော်အထိ ပျံသန်းနိုင်သည်။ သို့သော် မည်သည့်အမျိုးအစားကိုပေးပို့သွားမည်ကိုမူ မသိရသေးကြောင်း သတင်းအရင်းအမြစ်တစ်ခုကပြောသည်။

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ယူကရိန်းသို့တာဝေးပစ်ဒုံးကျည်များ ထောက်ပံ့ပေးရန်စဉ်းစားနေသည်ဟူသော မီဒီယာများ၏ပြောဆိုမှုများကို အိမ်ဖြူတော်အမျိုးသားလုံခြုံရေးကောင်စီက ဩဂုတ်လတွင် မည်သည့်မှတ်ချက်ပြုစကားမျှ ပြောထားခြင်းမရှိသည်ကိုတွေ့ရသည်။

ထိုဒုံးကျည်များကို ယူကရိန်းကရုရှားသို့တိုက်ခိုက်ရာတွင် အသုံးပြုလာနိုင်ဖွယ်ရှိပြီး ယင်းသို့သောလက်နက်များပံ့ပိုးပေးခြင်းက ရုရှား-ယူကရိန်း ပဋိပက္ခတွင် NATO အုပ်စု၏တိုက်ရိုက်ပါဝင်မှုကိုရည်ညွှန်းနေသည့်အပြင် ပဋိပက္ခကိုလည်းရှည်ကြာစေမည့်လုပ်ဆောင်ချက်ဖြစ်ကြောင်း ရုရှားအစိုးရက ရှုမြင်ထားသည်။

**Ref: Sputnik**



# ရုရှားသမ္မတပူတင်က မွန်ဂိုလီးယားသမ္မတကို BRICS အစည်းအဝေးသို့ဖိတ်ခေါ်

**အူလန်ဘာတာ၊ နိုင်ငံရေး**

မွန်ဂိုလီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားသမ္မတဗလာဒီမာပူတင်က ထိုနိုင်ငံသမ္မတ အူခနာဂင်ခူရယ်ဆက်ကို BRICS ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားလိုက်ကြောင်း သိရသည်။

ပူတင်သည် ဆိုဗီယက်နှင့်မွန်ဂိုလီးယားတို့ပူးပေါင်းကာ ဂျပန်တပ်များကိုအနိုင်ရရှိသည့် ၈၅ နှစ်မြောက်အထိမ်းအမှတ်ပွဲသို့ တက်ရန် ယင်းနိုင်ငံသို့စက်တင်ဘာလ ၂ ရက်တွင်ရောက်ရှိနေခြင်းဖြစ်သည်။

BRICS အဖွဲ့ထိပ်သီးအစည်းအဝေးကို အောက်တိုဘာလတွင် ရုရှားနိုင်ငံ ခါဇန်မြို့၌ကျင်းပသွားမည်ဖြစ်ပြီး ထိုအစည်းအဝေးသို့တက်ရောက်ရန် မွန်ဂိုလီးယားသမ္မတကိုဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်အတွင်း BRICS အဖွဲ့အလှည့်ကျဥက္ကဋ္ဌကို ရုရှားနိုင်ငံကတာဝန်ယူထားပြီး BRICS အဖွဲ့နှင့်ပတ်သက်သည့် အခမ်းအနားပေါင်း ၂၅၀ ကို ဒေသ ၁၁ ခုတွင် ကျင်းပခဲ့ရာ ထိုအခမ်းအနားများကို အောက်တိုဘာလ ၂၂ ရက်မှ ၂၄ ရက်အထိ ပြုလုပ်မည့် ၁၆ ကြိမ်မြောက် BRICS အဖွဲ့ထိပ်သီးညီလာခံဖြင့် အဆုံးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref: Sputnik**



# နေတန်ယာဟု ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဖျက်လိုဖျက်ဆီးလုပ်ခြင်းဖြစ်ဟုဆို

**နယူးယောက်၊ နိုင်ငံရေး**

အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုက ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဖျက်လိုဖျက်ဆီးလုပ်နေခြင်းဖြစ်ကြောင်း CNN သတင်းဌာနကဖော်ပြထားသည်။

ဂါဇာတွင် အစ္စရေးတပ်ဖွဲ့များကိုဆက်လက်တပ်စွဲထားစေခြင်းက လက်ရှိလုပ်ဆောင်နေသော ဆွေးနွေးပွဲများကိုပျက်စီးစေနိုင်ကာ ဓားစာခံများလွတ်မြောက်လာရေးကိုထိခိုက်နိုင်ကြောင်းနှင့် အမေရိကန်အစိုးရအနေဖြင့် အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများပြန်လွတ်ရေးတို့အတွက် ဖြစ်နိုင်မည့်နည်းလမ်းများကို စဉ်းစားနေကြကြောင်း သတင်းဌာနကဆက်လက်ဖော်ပြထားသည်။

အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ဓားစာခံများပြန်လွတ်ရေး နောက်ဆုံးသဘောတူညီချက်ရရှိရန်နီးစပ်နေပြီဖြစ်ကြောင်း သတင်းထောက်များကိုပြောစဉ် တစ်ချိန်တည်းမှာပင်နေတန်ယာဟုက ဂါဇာ-အီဂျစ်နယ်စပ်တစ်လျှောက်ရှိ ၎င်းတို့ထိန်းချုပ်ထားသောနယ်မြေများကို ပြန်ပေးမည်မဟုတ်ကြောင်းပြောထားသည်။

**Ref: RT**

# သတင်းတိုကဏ္ဍ

## ကွန်ဂို၌ ထောင်ဖောက်ရန်ကြိုးပမ်းမှု လူ ၁၂၀ ကျော်သေဆုံး

ကွန်ဂိုနိုင်ငံ၌ ထောင်ဖောက်ရန်ကြိုးပမ်းမှုတစ်ခုအတွင်း လူ ၁၂၀ ကျော်သေဆုံးပြီး အများအပြားဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက စက်တင်ဘာလ ၃ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါဖြစ်စဉ်သည် မာကာလာဗဟိုအကျဉ်းထောင်၌ စက်တင်ဘာလ ၂ ရက်တွင် ဖြစ်ပွားခြင်းဖြစ်သည်။ ထိုအကျဉ်းထောင်သည် နိုင်ငံ၏အကြီးဆုံးထောင်ဖြစ်သည်။

ထောင်ဖောက်ရန်ကြိုးပမ်းမှုအတွင်း ပစ်ခတ်မှုများဖြစ်ပွားရာ အုပ်ချုပ်ရေးရုံး၊ ဆေးရုံနှင့် စားသောက်ကုန်လှောင်ရုံများ ပျက်စီးကြောင်း ကွန်ဂိုပြည်ထဲရေးဝန်ကြီးကပြောသည်။

ဖြစ်စဉ်တွင် သေဆုံးသူစုစုပေါင်း ၁၂၉ ဦးရှိကြောင်း၊ ၂၄ ဦးသာ ပစ်ခတ်မှုကြောင့် သေဆုံးခြင်းဖြစ်ပြီး အခြားသူများမှာ တွန်းတိုက်မိခြင်း၊ မွန်းခြင်းတို့ကြောင့်သေဆုံးသူများဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီး ရှာဘာနီလူကူးကပြောသည်။

**Ref: RT**

## ပါကစ္စတန်၌ နှစ်လအတွင်းရေဘေးကြောင့် လူ ၂၉၃ ဦးသေဆုံး

ပါကစ္စတန်၌ ပြီးခဲ့သည့်နှစ်လအတွင်း ရေဘေးဒုက္ခများကြောင့် လူ ၂၉၃ ဦး သေဆုံးပြီး ၅၆၄ ဦး ဒဏ်ရာရကြောင်း တာဝန်ရှိသူများကထုတ်ပြန်ထားသည်။

ဇူလိုင်လ ၁ ရက်မှ ဩဂုတ်လ ၃၁ ရက်အထိကာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးမှု၊ မြေပြိုမှုများကြောင့် နိုင်ငံတစ်ဝန်းရှိ အိမ်ခြေ ၁၉၅၇၂ လုံး၊ တံတား ၃၉ စင်းနှင့် စာသင်ကျောင်းများစွာ ပျက်စီးဆုံးရှုံးကာ မွေးမြူရေးတိရစ္ဆာန် ၁၀၇၇ ကောင်သေဆုံးရသည်။

လူသေဆုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုအများစုသည် နိုင်ငံအရှေ့ပိုင်းရှိ ပန်ဂျပ်ပြည်နယ်၌ဖြစ်ပွားခြင်းဖြစ်ပြီး ၎င်း၏နောက်တွင် နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာပက်တန်ခွာပြည်နယ်က ဒုတိယအများဆုံးဖြစ်သည်။

ထို့ပြင် လာမည့်ရက်ပိုင်းအတွင်း နိုင်ငံအတွင်းရှိ ဒေသအများအပြား၌ မိုးသည်းထန်စွာရွာသွန်းမှု ဆက်လက်ဖြစ်ပွားနိုင်ဆဲဖြစ်ကြောင်း တာဝန်ရှိသူများကသတိပေးထားသည်။

**Ref: Xinhua**

## ဆွစ်ဇာလန်က ၃၃ နှစ်ကြာပြီးနောက် အီရတ်၌သံရုံးပြန်ဖွင့်

ဆွစ်ဇာလန်နိုင်ငံက ပင်လယ်ကွေ့စစ်ပွဲကြောင့်ပိတ်ထားခဲ့ရသည့် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိသံရုံးကို ၃၃ နှစ်အကြာတွင် ပြန်ဖွင့်လိုက်ပြီဖြစ်သည်။

ဖက်ဒရယ်ကောင်စီသည် အီရတ်နိုင်ငံနှင့် စီးပွားရေး၊ လုံခြုံရေး၊ လူဝင်မှုကြီးကြပ်ရေးကိစ္စရပ်များတွင် နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သံရုံးကိုပြန်ဖွင့်လိုက်ခြင်းဖြစ်ကြောင်း ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာလ ၃ ရက်တွင်ထုတ်ပြန်ထားသည်။

ထို့ပြင် အီရတ်နိုင်ငံသည် ဒေသတွင်း အရေးပါသောနိုင်ငံအဖြစ် ဆွစ်ဇာလန်အစိုးရက အသိအမှတ်ပြုကြောင်းနှင့် ယခုကဲ့သို့သံရုံးကိုပြန်ဖွင့်ခြင်းသည် နိုင်ငံ၏ အရှေ့အလယ်ပိုင်းဒေသနှင့် မြောက်အာဖရိကဒေသအတွက် ၂၀၂၁-၂၀၂၄ မဟာဗျူဟာအရဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ကိုတွေ့ရသည်။

**Ref: BP**

## အိန္ဒိယ၌ အဓမ္မကျင့်သူများကိုသေဒဏ်ပေးမည့်ဥပဒေထုတ်ပြန်

အိန္ဒိယနိုင်ငံရှိ အနောက်ဘင်္ဂါပြည်နယ်က အဓမ္မပြုကျင့်သူများကို သေဒဏ်ပေးမည့်ဥပဒေထုတ်ပြန်လိုက်ကြောင်း သိရသည်။ ထိုဥပဒေကို စက်တင်ဘာလ ၃ ရက်တွင် ပြည်နယ်လွှတ်တော်ကထုတ်ပြန်ခြင်းဖြစ်ပြီး သမ္မတက အတည်ပြုလက်မှတ်ထိုးရန်လိုသေးသည်။

မူလက အဓမ္မပြုကျင့်သူများကို ထောင်ဒဏ် ၁၀ နှစ်ချမှတ်ရာမှ ယခုဥပဒေအသစ်အရ ထောင်ဒဏ်တစ်သက်တစ်ကျွန်း သို့မဟုတ် သေဒဏ်သို့ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်သည်။

ယင်းပြည်နယ်၌ အမျိုးသမီးဆရာဝန်တစ်ဦး ရက်စက်စွာအဓမ္မပြုကျင့်အသတ်ခံရပြီးနောက် နိုင်ငံတစ်ဝန်းတွင် ဆရာဝန်များ၏ဆန္ဒပြမှုများဖြစ်ပေါ်နေစဉ်ယခုကဲ့သို့ ဥပဒေကိုထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ၌ သေဒဏ်ပေးမှုကိုမကြာခဏဆိုင်းငံ့လေ့ရှိကြောင်းနှင့် ကွပ်မျက်ရာတွင် ကြိုးဆွဲချခြင်းဖြင့်ကွပ်မျက်ခြင်းဖြစ်သည်။

**Ref: Xinhua**

## ယာဂီမုန်တိုင်းကြောင့် လာအို၌ရေကြီးမှု၊ မြေပြိုမှုများဖြစ်နိုင်

ယာဂီမုန်တိုင်းကြောင့် လာအိုနိုင်ငံ၌ ရေကြီးမှုများနှင့်မြေပြိုမှုများအပြင် လေပြင်းတိုက်ခတ်မှုများလည်းဖြစ်နိုင်ကြောင်း မိုးလေဝသဌာနကသတိပေးထားသည်။

အထူးသဖြင့် နိုင်ငံမြောက်ပိုင်းတွင် မိုးသက်မုန်တိုင်းများနှင့် လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်ကြောင်း၊ အလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပေါ်နိုင်ကြောင်း သတိပေးချက်တွင်ဖော်ပြထားသည်။

ဩဂုတ်လအတွင်း မဲခေါင်မြစ်ရေကြီးမှုကြောင့် ဘိုလီခမ်ဆေးပြည်နယ်ရှိ နေအိမ် ၆၀ ရေလွှမ်းမိုးခံရကာ ဇာယာဘောင်ရီပြည်နယ်တွင် ရေကြီးမှုကြောင့် အိမ်ခြေ ၁၆၀၀ ကျော်ရေဘေးဒုက္ခရောက်သည်။

ထို့ပြင် လယ်ယာမြေများနှင့်မွေးမြူရေးတိရစ္ဆာန်များလည်းဆုံးရှုံးမှုများဖြစ်ပေါ်ကြောင်းသိရသည်။

**Ref: Xinhua**

# မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့(အကြို) အသိပညာပေးဆိုင်းဘုတ်တင်အခမ်းအနားကျင်းပ

**မိုင်းဆတ် စက်တင်ဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ မြို့မဈေးရှေ့၌ (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်(အကြို)အသိပညာပေး ဆိုင်းဘုတ်တင်ခြင်းအခမ်းအနားကို စက်တင်ဘာလ ၃ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနိုင်လင်းထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအားလွန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဒွေးမြင့်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ (တပ်ဖွဲ့စိတ်-၃) မိုင်းဆတ်မှ ဒုတိယရဲမှူးလှဘုန်း၊ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များနှင့်ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကာ "ကလေးသူငယ်များချန်မထား လူကုန်ကူးမှုတိုက်ဖျက်သွား" စာတန်းပါဆိုင်းဘုတ်အား မြို့မဈေးရှိအများပြည်သူမြင်သာသောနေရာတွင် ချိတ်ဆွဲတပ်ဆင်ကာ ဆိုင်းဘုတ်တင်ခြင်း ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

**မြင့်မောင်(မိုင်းဆတ်)**

**သင်မလိုသောမီးကို ပိတ်ထားခြင်းဖြင့် လိုအပ်သူများအလင်းရပါစေ။**

# ကျေးရွာစာကြည့်တိုက်မြေနေရာ ပန္နက်တင်အခမ်းအနားကျင်းပ



**မိုင်းပျဉ်း စက်တင်ဘာ ၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် ယန်းမိုင်ကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်မည့်ကျေးရွာစာကြည့်တိုက်မြေနေရာ ပန္နက်တင်အခမ်းအနားကို စက်တင်ဘာလ ၃ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာရှိ စာကြည့်တိုက်ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်ဦးစိုင်းထွန်းစိန်နှင့်ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမောင်မောင်ခိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းသန္တာဦးက ကျေးရွာနေပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရန်၊ စာအုပ်စာပေများကို အခမဲ့အလွယ်တကူဖတ်ရှုလေ့လာနိုင်ရေး ရည်ရွယ်၍ နိုင်ငံတော်မှ ရပ်ကွက်၊ ကျေးရွာများတွင် စာကြည့်တိုက်များ ဆောက်လုပ်နိုင်ရန် စီစဉ် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ကျေးရွာနေပြည်သူများအား ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များနှင့်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက စာကြည့်တိုက်တည်ဆောက်ရန် သတ်မှတ်ထားသောနေရာတွင် အုတ်မြစ်ချပန္နက်ရိုက်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းတို့ကိုဆောင်ရွက်ကြကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

# မိုင်းဖြတ်မြို့နယ်၌ မြို့နယ်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**မိုင်းဖြတ် စက်တင်ဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာလ ၂ ရက် နံနက်ပိုင်းတွင် မြို့နယ်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညီညီအောင်က နမ့်ယွန်းကျေးရွာ၌ စာကြည့်တိုက်အသစ်တည်ဆောက်၍ ပါလောင်းကျေးရွာ၌ စာကြည့်တိုက် ပြုပြင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က ရန်ပုံငွေရရှိမှုအခြေအနေများနှင့်စာကြည့်တိုက်များ အသစ်တည်ဆောက်ရေး၊ ပြုပြင်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့်မြေနေရာရရှိရေးတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များက စာကြည့်တိုက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးကြရာ မြို့နယ်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။

ထို့ပြင် မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုင်းဖြတ်မြို့နယ်၌ နမ့်ယွန်းကျေးရွာကို စိစစ်ရွေးချယ်ခဲ့ပြီး အလှူငွေ ၂၀၊ အနံ ၁၅ ပေရှိ RC တစ်ထပ်အမျိုးအစားစာကြည့်တိုက်ကို ငွေကျပ်သိန်း ၁၀၀၊ ပရိဘောဂနှင့်စာအုပ်စာစောင်များအတွက်ငွေကျပ်သိန်း ၅၀ ဖြင့် လည်းကောင်း၊ ပါလောင်းကျေးရွာတွင် စာကြည့်တိုက်ပြန်လည်ပြုပြင်ရေးအတွက် ငွေကျပ်သိန်း ၅၀ ဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**ရွှေကို(မိုင်းဖြတ်)**

# လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများအကြောင်း အသိပညာပေးဆွေးနွေး



**ကျိုင်းလပ် စက်တင်ဘာ ၃**


ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ နမ့်ဖျန်ကျေးရွာ၌ မြို့လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့် ပတ်သက်၍ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာလ ၂ ရက် မွန်းလွဲပိုင်းတွင် ပြုလုပ်သည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြို့လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်သာနှင့်အတွင်းရေးမှူး ဦးနီရဲမင်းထက်တို့က လယ်ယာမြေလုပ်ပိုင်ခွင့်ရသူများ၏ အခွင့်အရေး၊ လိုက်နာရမည့် စည်းကမ်းချက်များ၊ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားဖြေရှင်းခြင်းနှင့် အယူခံခြင်း စသည့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်ပတ်သက်၍ ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး အကျယ်တဝင့်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ မိုင်းပါလျှိုးကျေးရွာအုပ်စုရှိ ရပ်ကွက်/ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ စုစုပေါင်းအင်အား ၃၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

**စန်းစန်းမြင့်(ပြန်/ဆက်)**

# သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဖော်ဆောင်ရေး အသိပညာပေးဟောပြော



**မိုင်းတုံ စက်တင်ဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းတုံမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (မိုင်းတုံ)၌ စက်တင်ဘာလ ၃ ရက် နံနက်ပိုင်းတွင် သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းဖော်ဆောင်ရေး အသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်မိုးက သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းဖော်ဆောင်ရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ပေးရခြင်းရည်ရွယ်ချက်ကိုရှင်းလင်းပြီး အခြေခံပညာအထက်တန်းကျောင်း (မိုင်းတုံ) ကျောင်းအုပ်ဆရာမကြီး ဒေါ်သွယ်သွယ်ဟန်က သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဖော်ဆောင်နိုင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနှင့် မြို့နယ်မီးသတ်ဌာနမှတာဝန်ခံ ဦးစိုင်းမင်းမင်းထွေးနှင့် အထက်တန်းပြဆရာမ ဒေါ်အေးသီရိချောက သန့်ရှင်း၍စိမ်းလန်းစိုပြည်သော ကျောင်းဖော်ဆောင်ရေးလုပ်ငန်းများစတင်အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်လိုအပ်ချက်များ၊ အားနည်းချက်၊ အားသာချက်များကိုရှင်းလင်းပြီး ဆောင်ရွက်ထားမှုများကို အခမ်းအနားသို့ တက်ရောက်လာသူများအား လိုက်လံပြသကြောင်း သိရသည်။

**ဝင်းဝင်းခိုင်(မိုင်းတုံ၊ပြန်/ဆက်)**

# နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၄)ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ သာသနာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသဆိုင်ရာသာသနာရေးနှင့် ယဉ်ကျေးမှု ဆပ်ကော်မတီ ဥက္ကဋ္ဌများ၊ လုပ်ငန်းဆပ်ကော်မတီဝင် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာနနှင့်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ဆပ်ကော်မတီဝင်ဦးစီးဌာနများအနေဖြင့် ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းစီမံကိန်းများကို ဦးစားပေးအလိုက်ခွဲခြားပြီး နယ်စပ်ဒေသများတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများအတွက် အကျိုးရှိမည့် လုပ်ငန်းစီမံကိန်းများကိုသာ ရွေးချယ်လျာထားတင်ပြရန် လိုကြောင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသဆိုင်ရာ သာသနာရေးနှင့် ယဉ်ကျေးမှု ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် ဆပ်ကော်မတီဝင်ဌာနများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ပထမ လေးလပတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းစီမံကိန်းများကိုရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။

(၅၀၀)

## လေဖိအားနည်း ရပ်ဝန်းဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၃

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့၌ ၅-၉-၂၀၂၄ ရက်နေ့တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

**သွားတိုက်နေစဉ် ရေဘုံပိုင်ခေါင်းကို ဖွင့်ထားခြင်း မပြုပါနှင့်**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ဗီဒီယိုနှင့်ဆောင်းပါးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် “အဂတိပယ်ခွာပြည်သာယာ” ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသည့်လူငယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည် -

(က) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီရမည် -

- (၁) အသက် - ၁၄ နှစ်မှ ၃၅ နှစ်အတွင်းရှိ လူငယ်၊ လူရွယ်များ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်)၊
- (၂) Format - JPG ၊ A3 (297 x 420 mm) with correct aspect ratio၊
- (၃) Resolution - 300 dpi ၊
- (၄) File Size - 15 Mb ထက်မပိုစေရ၊
- (၅) မြန်မာဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့် ရှင်းလင်းချက်စာသားသီးခြားဖော်ပြရန်နှင့် အဖွဲ့လိုက်ယှဉ်ပြိုင်ခြင်းဖြစ်ပါက အဖွဲ့ဝင်တစ်ဦးချင်းက ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါအချက်အလက်များကို ဖြည့်စွက်လျှောက်ထားရန် ဖြစ်ပါသည်။

( ခ ) ပိုစတာနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy (၂)စုံ ပြုစု၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၅)၊ နေပြည်တော်သို့ ၃၀-၁၀-၂၀၂၄ ရက်နေ့ (၁၆:၀၀) နာရီ မတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ e-mail လိပ်စာဖြစ်သည့် zinwaihnin88@gmail.com သို့ ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်များနှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတို့၏ Website များတွင်အခမဲ့ Download ရယူနိုင်ပြီး ဦးညိုမြင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၀၉-၂၀၁၉၀၀၄ နှင့် ဦးလင်းဝေအောင်၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ၀၆၇-၈၁၀၃၃၆၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

( ဂ ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ပါစည်းကမ်းသတ်မှတ်ချက်များနှင့်ကိုက်ညီရမည် -

- (၁) အသက် - ၁၄ နှစ်မှ ၃၅ နှစ်အတွင်းရှိ လူငယ်၊ လူရွယ်များ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်)၊
- (၂) Format - mpeg 4၊
- (၃) Resolution - 1920 x 1080 p ထက်မပိုစေရ၊
- (၄) File Size - 300 Mb ထက်မပိုစေရ၊
- (၅) Sound - 16-bit, stereo၊
- (၆) Duration - 120 Seconds ထက်မပိုစေရ၊
- (၇) မြန်မာဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာစကားဖြင့် စာတန်းထိုးဖော်ပြရန်နှင့် အဖွဲ့လိုက်ယှဉ်ပြိုင်ခြင်းဖြစ်ပါက အဖွဲ့ဝင်တစ်ဦးချင်းက ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါအချက်အလက်များကို ဖြည့်စွက်လျှောက်ထားရန် ဖြစ်ပါသည်။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ Soft Copy (CD) ၂ ချပ် ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ၃၀-၁၀-၂၀၂၄ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ e-mail လိပ်စာဖြစ်သည့် ms.khinmoeou@gmail.com သို့ ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်များနှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတို့၏ Website များတွင် အခမဲ့ download ရယူနိုင်ပြီး ဒေါ်ခင်မိုးဦး၊ ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉-၅၁၀၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၆၇-၈၁၀၃၃၄၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

( င ) ဆောင်းပါးနှင့်စပ်လျဉ်း၍ ဝင်ရောက်ယှဉ်ပြိုင်လိုပါက အောက်ပါစည်းကမ်း သတ်မှတ်ချက်များနှင့် ကိုက်ညီရမည် -

- (၁) အသက် - ကန့်သတ်ချက်မရှိ၊
- (၂) ဘာသာစကား - မြန်မာ၊
- (၃) ပုံစံ - ကွန်ပျူတာစာစီဖြစ်ရမည်၊
- (၄) အရေအတွက် - A4 ဆိုဒ် စာမျက်နှာ (၅) မျက်နှာမှ (၇) မျက်နှာအတွင်း၊
- (၅) ကန့်သတ်ချက် - ကျောကပ်ရေးသားခြင်းမပြုရ၊
- (၆) ကိုးကားချက်များရှိပါက ပြည့်စုံစွာထည့်သွင်းဖော်ပြရန်။

( စ ) ဆောင်းပါးနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ Hard Copy (၁) စုံ၊ Soft Copy (၁)စုံ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ၃၀-၁၀-၂၀၂၄ ရက်နေ့ (၁၆:၀၀) နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ e-mail လိပ်စာ sabalphyu315@gmail.com သို့ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်များနှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးတို့၏ Website များတွင် အခမဲ့ download ရယူနိုင်ပြီး ဒေါ်သင်းသင်းဇင်၊ ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉-၅၀၁၂၂၁၃ နှင့် ဒေါ်နန်းရတနာထွန်း၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၅၁၂၃၅၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

(ဆ) ပြိုင်ပွဲဝင်ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးများတွင် အောက်ပါအချက်များ ပါရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ -

- (၁) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့် ဆန့်ကျင်သောစာသားများ၊ ဓာတ်ကွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားခြင်း၊
- (၂) မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိခြင်း။

(ဇ) ပြိုင်ပွဲဝင် ပိုစတာ၊ ဗီဒီယိုများနှင့် ဆောင်းပါးများကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်ချက်များအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ပိုစတာ၊ ဗီဒီယိုနှင့်ဆောင်းပါးတို့ကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည်ပေးအပ်ခြင်းများ ပြုလုပ်မည်မဟုတ်ပါ။

(ဈ) ပြိုင်ပွဲဝင် ပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးတို့အနက်မှ ပထမ၊ ဒုတိယ၊ တတိယ ရရှိသည့် ပိုစတာ၊ ဗီဒီယိုနှင့်ဆောင်းပါးတို့ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည့် “အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနား”တွင် ဆုချီးမြှင့်ပေးမည်ဖြစ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

# နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၅ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိ

## ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များဆက်လက်ကျင်းပ





**နေပြည်တော် စက်တင်ဘာ ၃**

တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့ဟူသောဦးတည်ချက်ဖြင့် ၂၀၂၄ ခုနှစ်ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါပြိုင်ပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်မိဘပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အုပ်စု(ခ) ပွဲစဉ်အဖြစ် ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြပြီး နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၅ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၃**

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ ၁ ပေကျော် (၃၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ၁ လက်မခန့် (၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့တို့အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၆˚C / | ၃၄.၇˚C |
| ရန်ကုန် | ၂၄˚C / | ၃၁.၀˚C |
| မန္တလေး | ၂၇˚C / | ၃၅.၀˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ရှမ်းပြည်နယ်မှ လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့မှ ဝန်ထမ်းများနှင့် ဒုတိယဝန်ကြီးများတွေ့ဆုံ






**တောင်ကြီး စက်တင်ဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်ကြီးနှင့်ဒေါက်တာတင်ထွဋ်တို့သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့မှ ယာယီနေရပ်စွန့်ခွာဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးများက နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများ၊ ပြည်တွင်းစားသုံးဆီဖူလုံပို့လျှံရေးစီမံကိန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး၊ ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီပြီး တောင်သူဝင်ငွေရ သီးနှံအမယ်သစ်များ စိုက်ပျိုးမွေးမြူထုတ်လုပ်နိုင်စေရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးမှာကြားကြသည်။

ဆက်လက်၍ပြည်နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများနှင့် ဆီထွက်သီးနှံအထူးဇုန်တာဝန်ခံများကဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများကိုလည်းကောင်း၊ ယာယီနေရပ်စွန့်ခွာဝန်ထမ်းများက ဝန်ထမ်းရေးရာနှင့် လုပ်ငန်းဆိုင်ရာအခြေအနေများကိုလည်းကောင်း တင်ပြကြရာ ဒုတိယဝန်ကြီးများက တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၀)**

# ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ဆက်လက်ပေးပို့







**နေပြည်တော် စက်တင်ဘာ ၃**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကိုရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှပေးပို့သည့် ဆန် ၂၄ ပြည်အိတ် ၇၅၉၁ အိတ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မှာယူသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ပရိဘောဂပစ္စည်းများ၊ လျှပ်စစ်သုံးပစ္စည်းများ၊ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများအပါအဝင် စုစုပေါင်း ၈၆၉ ဒသမ ၃၂ တန်ကို ယမန်နေ့ညပိုင်းက ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရေယာဉ်ဖြင့်ပို့ဆောင်ခဲ့သည်။

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ၂၀၂၃ ခုနှစ် မေလ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော်စစ်ရေယာဉ်များအပါအဝင် ရေယာဉ် ၄၉ စင်းဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်များပါဝင်သော ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၇၁၀၉၉ ဒသမ ၄၃ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန်ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နိုင်ငံရေးပါတီ(၂၅)ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

**နိုင်ငံရေးပါတီ(၂၅)ပါတီ၏**
**ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်**
**၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း(၁)ရက်**
**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃)ရက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂)ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၄ နှင့် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၄ တို့ဖြင့် The Myanmar National Democratic Alliance Army(MNDAA)၊ Ta'ang National Liberation Army (TNLA) နှင့် United League of Arakan (ULA)/Arakan Army(AA) လက်နက်ကိုင်အဖွဲ့များအား အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပါသည်။

၂။ အဆိုပါအကြမ်းဖက်အုပ်စုများသည် အများပြည်သူ၏ လုံခြုံရေး၊ အသက်အိုးအိမ်စည်းစိမ်၊ အရေးကြီးသောအခြေခံအဆောက်အဦများ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာ၊ အသုံးအဆောင်ပစ္စည်းများ၊ လမ်းတံတားများ၊ လျှပ်စစ်တာဝါတိုင်များ၊ လူနေထူထပ်သည့် မြို့ရွာများအား ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ အဝေးမှလက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ Drop Bomb များချ၍ တိုက်ခိုက်ခြင်း၊ အပြစ်မဲ့ ရဟန်း သံဃာ/ပြည်သူများကို သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ပါသည်။

၃။ ၎င်းအပြင် တက္ကသိုလ်/ကောလိပ်/စာသင်ကျောင်းများအား ဖျက်ဆီးခြင်း၊ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများသည် နိုင်ငံတော်၏အနာဂတ်ကို ရိုက်ချိုးဖျက်ဆီးခဲ့ခြင်းဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်များကို ဆုံးရှုံးစေပါသည်။

၄။ ဤကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများအား လူမှုဒုက္ခများဖြစ်ပေါ်အောင် ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်လုပ်ဆောင်မှုများနှင့်ပတ်သက်၍ မိမိတို့နိုင်ငံရေးပါတီများက ပူးတွဲသဘောထားကြေညာချက်များထုတ်ပြန်၍ အစဉ်တစိုက် ဆန့်ကျင်ကန့်ကွက်ရှုတ်ချမှုများ ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ MNDAA၊ TNLA နှင့် AA လက်နက်ကိုင်အဖွဲ့များကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်းအား သန်းပေါင်းများစွာသော ပြည်သူများကိုယ်စား မိမိတို့နိုင်ငံရေးပါတီများက အပြည့်အဝထောက်ခံပါကြောင်းနှင့် အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကို ထာဝရဆန့်ကျင်သွားမည်ဖြစ်ကြောင်း အောက်တွင်လက်မှတ်ရေးထိုး ပူးတွဲသဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးဌေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါ်တိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းဌေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၁။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၃။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | |
| ၁၄။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၅။ | ဦးခိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၆။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၇။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ခူမီးအမျိုးသားပါတီ | |
| ၁၈။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | |
| ၁၉။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | |
| ၂၀။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၁။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၂။ | ဦးသန်းဦး | ဒုတိယဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၃။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၄။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၅။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | |

# ရှမ်းပြည်နယ်(တောင်ပိုင်း၊ အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့ရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တွေ့ဆုံ





နေပြည်တော် စက်တင်ဘာ ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ ရှမ်းပြည်နယ် (တောင်ပိုင်း၊ အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့ရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် တည်ဆောက်ရေးအထူးအဖွဲ့များတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာများ၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှာကြားသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရေး သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံများမှ စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းများကို Work Schedule များရေးဆွဲ၍ တွန်းအားပေးဆောင်ရွက်သွားရန်၊ လုပ်ငန်းပြီးစီးမှုနှင့် ငွေကြေးသုံးစွဲမှုဟန်ချက်ညီစေရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် နိုင်ငံ့ဘဏ္ဍာရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်တို့က ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများနှင့်တည်ဆောက်ရေးအထူးအဖွဲ့များမှ တာဝန်ခံများက လုပ်ငန်းဆောင်ရွက်နေသည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ဝန်ထမ်းမိသားစုများအတွက် ထောက်ပံ့ငွေနှင့် အခြေခံစားကုန်များကိုထောက်ပံ့ပေးအပ်၍ ဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးလုပ်ငန်းများတွင်အသုံးပြုရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ "အမိန့်နှင့်ညွှန်ကြားချက်များ" စာအုပ်(၂၀၂၁-၂၀၂၃) အုပ်ရေ(၁၂၀၀)အား ပုံနှိပ်ထုတ်ဝေနိုင်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ လုပ်ငန်းအပ်နှံလိုပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၅-၉-၂၀၂၄ ရက်နေ့မှ ၁၇-၉-၂၀၂၄ ရက်နေ့အထိ(ရုံးချိန်အတွင်း) |
| တင်ဒါပုံစံရောင်းချမည့်နေရာ | - | ဂိတ်အမှတ်(၂)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ရုံးအမှတ်(၅၅) |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့် နေ့ရက်/အချိန် | - | ၁၉-၉-၂၀၂၄ ရက်နေ့၊ ညနေ(၄:၀၀)နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေ့ရက် | - | ၂၃-၉-၂၀၂၄ ရက်နေ့၊ မွန်းလွဲ(၁:၃၀)နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေရာ | - | မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ်(၅၅) |

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၈၅၉၀(စာရေးကိရိယာဌာနစိတ်)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ PET/CT & Cyclotron Center ရှိစက်များအား Preventive Maintenance ပြုလုပ်ရန်နှင့် ပြုပြင်လဲလှယ်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၃-၉-၂၀၂၄(အင်္ဂါနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် နေ့ရက်/အချိန် - ၁၆-၉-၂၀၂၄(တနင်္လာနေ့) ၁၆:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

### ပျောက်ဆုံးကြောင်း
သနပ်ပင်မြို့၊ ကုလားချောင်းကြီးကျေးရွာနေ မောင်သီဟ(ဘ)ဦးအောင်ဆန်းဝင်း ၇/သနပ(နိုင်)၁၄၉၈၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၈၅၄၅၅၅၁

### ပျောက်ဆုံးကြောင်း
သာကေတမြို့နယ်၊ အနော်မာရပ်ကွက်၊ လမ်း(၁)၊ လမ်းသစ်(၂)၊ အမှတ်(၁၆၃၇)နေ စမ်းစမ်းမော်(ဘ)ဦးစံသိန်း ၁၂/သကတ(နိုင်)၁၁၁၂၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 146637)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၃၁၃၇၄

### ပျောက်ဆုံးကြောင်း
ပုသိမ်မြို့၊ ရွှေမြင်တင်ရွာနေ မောင်သူရအောင်(ဘ)ဦးမြင့်အောင် ၉/တသန(နိုင်)၁၄၀၇၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၉၆၉၁၃၆၅

### ပျောက်ဆုံးကြောင်း
လက်ပံတန်းမြို့၊ ယွန်းသွယ်ကျေးရွာအုပ်စု၊ ပေါက်ကုန်းကျေးရွာနေ ရဲသူရအောင်(ဘ)ဦးအောင်မိုး ၇/လပတ(နိုင်)၁၄၀၄၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၄၉၇၀၃၈၃

### ပျောက်ဆုံးကြောင်း
ကျော်မင်းသူ(ဘ)ဦးတင်ဝင်းကျော် ၁၂/ဥကမ(နိုင်)၁၉၂၇၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 612180)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၈၅၁၅၃၆၄

## SEINN CHAN THAR COMPANY LIMITED
## မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ(၁၄၇)
## အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၃)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏အထူးအစည်းအဝေးတွင် ဒါရိုက်တာဖြစ်သူဒေါ်ရင်ရင်ချင့်မှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး အောက်ဖော်ပြပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်။

၁။ ကုမ္ပဏီကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှယ်ယာရှင်များ၏ဆန္ဒအရ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ(၃)ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် သဘောတူဆုံးဖြတ်ကြပါသည်။

၂။ ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စအားဆောင်ရွက်နိုင်ရန်အတွက် ဦးရှင်ငြိမ်း (LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၄)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ Liquidator အဖြစ်ခန့်အပ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီမြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို (၁)လအတွင်း နောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| U SHIN NYEIN | Daw Yin Yin Chain |
| ADVOCATE(SR-NO.4644) | Director |
| LIQUIDATOR | Seinn Chan Thar Company Limited |

### ဖခင်အမည်မှန်
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က ကျောက်ချက် Grade-4 တွင် ပညာသင်ကြားနေသောမောင်ဟိန်းထက်ကျော်၏ဖခင်ဦးကျော်ထွေး၏အမည်မှန်မှာ ဦးသန့်ဇင် ၉/ပမန(နိုင်)၁၀၄၅၅၃ ဖြစ်ပါကြောင်း။ ဦးသန့်ဇင်

### ဖခင်အမည်မှန်
နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ကောင်းကင်ကြယ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ ပညာသင်ကြားနေသော မခင်ဖြူဖြူကျော်၏ဖခင်ဦးကျော်ထွေး၏အမည်မှန်မှာဦးသန့်ဇင် ၉/ပမန(နိုင်)၁၀၄၅၅၃ ဖြစ်ပါကြောင်း။ ဦးသန့်ဇင်

### တစ်ဦးတည်းဖြစ်ပါကြောင်း
နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ကောင်းကင်ကြယ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ ပညာသင်ကြားနေသော မအိမ့်ကြည်ဖြူ၏ဖခင် ဦးအောင်နိုင်စိုးနှင့်ဦးနိုင်စိုး ၉/ပမန(နိုင်)၂၃၁၅၀၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးအောင်နိုင်စိုး(ခ)ဦးနိုင်စိုး

### ဖခင်အမည်မှန်
ပဲခူးမြို့နယ်၊ အ.ထ.က(ပျဉ်ပုံကြီး)ကျောင်း၊ Grade-9 မှ မသက်မှူးခင်၏ဖခင်အမည်မှန်မှာ ဦးကိုမျိုး ၇/ပခန(နိုင်)၂၁၃၈၂၃ ဖြစ်ပါကြောင်း။
ဦးကိုမျိုး

### ပျောက်ဆုံးကြောင်း
မျိုးမြင့်အောင်(ဘ)ဦးစောလှိုင် ၁၂/တတန(နိုင်)၂၅၈၂၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 271306)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဦးဇာနန်းထွန်း(ဘ)ဦးသောင်းရွှေ၁၂/အလန(နိုင်)၀၃၅၅၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
ခိုင်နီလာကျော်(ဘ)ဦးတင်မြင့်၁၂/ဒဂရ(နိုင်)၀၁၉၀၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 017484)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၄၁၃၄၄၇၆

### ပျောက်ဆုံးကြောင်း
မင်းခန့်ကျော်(ဘ)ဦးကျော်မင်းဦး၁၂/လသယ(နိုင်)၀၇၀၂၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ပွင့်ဦးနွန်ဝေလှိုင်(ဘ)ဦးတင်ဌေး ၁၂/အစန(နိုင်)၁၈၇၆၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 396435)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဇေယျာမောင်(ဘ)ဦးဇော်မင်း၁၂/လသယ(နိုင်)၀၈၁၅၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 151616)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၈၇၈၂၉၁၂

### ပျောက်ဆုံးကြောင်း
မင်းကျော်ဦး(ဘ)ဦးသန်းလှိုင် ၁၄/ဟသတ(နိုင်)၂၉၅၈၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 740141)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၅၉၃၃၈၇၈

### ပျောက်ဆုံးကြောင်း
အောင်ကိုကို(ဘ)ဦးအောင်နိုင်ထိုး၁၂/ဒဂရ(နိုင်)၀၃၇၈၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 485599)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ဖခင်အမည်မှန်
နတ်မောက်မြို့၊ အ.ထ.က(အောင်ဆန်း) Grade-11 မှ မမြတ်နိုးထွန်း၏ဖခင်အမည်မှန်မှာ ဦးဗိုလ်မြင့် ၈/မသန(နိုင်)၀၁၉၁၆၂ ဖြစ်ပါကြောင်း။
ဦးဗိုလ်မြင့်

### ဖခင်အမည်မှန်
နတ်မောက်မြို့၊ အ.ထ.က(အောင်ဆန်း) Grade-10 မှ မောင်ဟိန်းထက်ဇော်၏ဖခင်အမည်မှန်မှာ ဦးဗိုလ်မြင့် ၈/မသန(နိုင်)၀၁၉၁၆၂ ဖြစ်ပါကြောင်း။
ဦးဗိုလ်မြင့်

### အမည်မှန်
နတ်မောက်မြို့နယ်၊ အ.လ.က နဘူးတောင် Grade-9 မှ ဦးကြည်စိုး၏သမီး မတင်ဇာဝင့်ကျော်၏အမည်မှန်မှာ မသင်ဇာဝင့်ကျော် ဖြစ်ပါကြောင်း။
မသင်ဇာဝင့်ကျော်

### ပျောက်ဆုံးကြောင်း
ကြည်ကြည်ဝေ(ဘ)ဦးအုံးသွင် ၉/မထလ(နိုင်)၁၄၄၉၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 517027)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မယမင်းလှိုင်(ဘ)ဦးစိန်ဌေး ၇/ကဝန(နိုင်)၁၀၉၆၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၁၈၃၈၅၁၅

### ပျောက်ဆုံးကြောင်း
မပြည့်ဖြိုးဝေ(ဘ)ဦးတင်လှ ၇/ညလပ(နိုင်)၂၄၁၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၅၆၂၉၂၉၂

### မွေးသက္ကရာဇ်အမှန်
ပဲခူးမြို့၊ ရွာသစ်ရပ်ကွက်၊ (၄)လမ်းနေ(ဘ) ဦးသန်းလွင်၏သမီး ဒေါ်အေးမြတ်မြတ်တိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၇-၁၉၇၇ ဖြစ်ပါကြောင်း။
၄-၇-၁၉၇၇

### ပျောက်ဆုံးကြောင်း
မောင်လင်းသူ(ဘ)ဦးတင်ထူး ၇/ကဝန(နိုင်)၁၁၈၉၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 938948)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၄၈၃၆၀၃၇

### ပျောက်ဆုံးကြောင်း
မော်ရီယံဘီခါတူ(ခ)စောစိန်(ဘ)အဒူဂေါ်နီ(ခ) ဦးမောင်မြ၁၂/မဂတ(နိုင်)၀၅၅၇၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
အေးမြတ်မွန်ကျော်(ဘ)ဦးကျော်ထွန်း ၁၂/ဒဂရ(နိုင်)၀၂၀၄၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 882240)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၇၁၂၉၈၈၁

### ပျောက်ဆုံးကြောင်း
အောင်အောင်သိန်း(ဘ)ဦးမြင့်သိန်း ၁၂/ကတတ(နိုင်)၀၁၀၇၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 462037)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၉၆၇၆၉၈၇

### ပျောက်ဆုံးကြောင်း
ညီထွန်းတင်(ဘ)ဦးငွေဖြိုးရွှေ၁၃/တကန(နိုင်)၂၀၈၇၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 495955)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### မတည်ငွေရင်းလျှော့ချကြောင်းကြေညာခြင်း
ကျွန်တော်များ ALLIANCE 22 Co.,Ltd သည်ကုမ္ပဏီမှတ်ပုံတင်အမှတ်(133086870)ဖြင့် မှတ်ပုံတင်ထားသည့်ကုမ္ပဏီဖြစ်ပါသည်။ ယခုအခါ ကုမ္ပဏီတွင်အမှန်တကယ်လိုအပ်သော မတည်ရင်းနှီးငွေသာထားရှိရန် ကျပ် ၆၆,၀၀၀,၀၀၀/-(ကျပ်သိန်းခြောက်ရာခြောက်ဆယ်)တိတိမှ ၆၀,၀၀၀,၀၀၀/-(ကျပ်သိန်းခြောက်ရာ)တိတိသို့ လျှော့ချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။




### ပျောက်ဆုံးကြောင်း
စန်းစန်းထွေး(ဘ)ဦးမောင်ဆန်း ၁၂/သကတ(နိုင်)၁၇၃၉၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 405649)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မနှင်းဝတ်ရည်(ဘ)ဦးဝင်းညွန့် ၁၄/ကပန(နိုင်)၂၀၄၆၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 989196)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၁၁၉၁၁၉၅

### မိခင်အမည်မှန်
ပျော်ဘွယ်မြို့နယ်၊ အ.ထ.က(မြင်းတဲ)၊ G-12 မှ မသဲယုငြိမ်း၏မိခင်အမည်မှန်မှာ ဒေါ်တင်နိုင်ဦး ၉/ရမသ(နိုင်)၂၀၃၇၆၂ ဖြစ်ပါကြောင်း။
ဒေါ်တင်နိုင်ဦး

### ပျောက်ဆုံးကြောင်း
ထွန်းလင်းကိုကိုမျိုး(ဘ)ဦးမောင်အေး ၁၂/သဃက(နိုင်)၁၆၈၉၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 076374)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၄၁၃၄၄၇၆

### ပျောက်ဆုံးကြောင်း
သန်းသန်းအေး(ဘ)ဦးစိုးတင့် ၇/ရတရ(နိုင်)၂၀၅၅၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 636090)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၁၇၉၈၈၁၂

### ပျောက်ဆုံးကြောင်း
သက်သက်အောင်(ဘ)ဦးမြင့်ထွေး ၇/ညလပ(နိုင်)၁၉၄၇၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဇင်မာဝင်း(ဘ)ဦးမြငြိမ်း ၁၄/မမန(နိုင်)၃၅၇၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 231008)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၉၇၃၁၇၅၄

### ပျောက်ဆုံးကြောင်း
မင်းသက်ခန့်(ဘ)ဦးစံမင်း ၁၄/လပတ(နိုင်)၂၃၆၂၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 519739)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၉၄၆၇၃

### ပျောက်ဆုံးကြောင်း
ဦးဝင်းလှိုင်(ဘ)ဦးသန်းမြင့် ၁၂/ထတပ(နိုင်)၀၄၈၆၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
သန်းသန်းအေး(ဘ)ဦးဖိုးစိန် ၁၂/ခရန(ပြု)၀၀၀၆၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဝင်းနိုင်ထွန်း(ဘ)ဦးညွန့်ရွှေ၁၂/သကတ(နိုင်)၀၂၂၀၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 321217)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မမိုးမိုးမြင့်(ဘ)ဦးလှသန်း ၁၄/ဟသတ(နိုင်)၁၁၅၈၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၁၁၉၁၁၉၅

### ဖခင်အမည်မှန်
ပျော်ဘွယ်မြို့နယ်၊ အ.ထ.က(ကြို့ကုန်း)၊ G-6 မှ မောင်ပိုင်မင်းခန့်၏ဖခင်အမည်မှန်မှာ မောင်မြို့ ၉/ပဘန(နိုင်)၁၇၀၂၇၂ ဖြစ်ပါကြောင်း။
မောင်မြို့

### ပျောက်ဆုံးကြောင်း
ရင်ရင်သန်း(ဘ)ဦးခင်ညို ၇/ကဝန(နိုင်)၁၁၅၅၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 050167)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၂၈၉၄၈၅၄

### ပျောက်ဆုံးကြောင်း
မိယဉ်မြင့်(ဘ)ဦးအောင်ကြည်၃/ကကရ(နိုင်)၁၄၄၃၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(521786)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ချူတိုး(ဘ)ဦးဖဝါ ၁၂/စခန(နိုင်)၀၀၆၅၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 567396)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ ရန်။ ဖုန်း-၀၉-၅၁၁၉၈၈၇

### ပျောက်ဆုံးကြောင်း
ကြည်ကြည်ဌေး(ဘ)ဦးရန်ဟင်း ၁၂/စခန(နိုင်)၀၈၆၇၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 567397)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၇၃၄၅၀၆၄

### ပျောက်ဆုံးကြောင်း
ဇူလိုင်မိုး(ဘ)ဦးကျော်မျိုးလှိုင်၁၀/ဘလန(နိုင်)၁၂၈၉၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဆွေးလျှံဇူးလ်(ဘ)ဦးပါတ်လှယ်ထန် ၅/ကလထ(နိုင်)၁၃၁၅၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မောင်အုံးသိန်း(ဘ)ဦးအောင်သန်း၁၂/တတန(နိုင်)၁၈၃၅၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ မနန်းသီရိအောင်(ဘ)ဦးဖြူဝင်း ၁၄/ညတန(နိုင်)၂၁၃၄၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၅၇၄၇၄၃၅

**အလိမ္မာစာမှာရှိ**

# ပဲခူးတိုင်းဒေသကြီးအဆင့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၆၃ ဦး ယှဉ်ပြိုင်လျက်ရှိ

ပဲခူး စက်တင်ဘာ ၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့၌ ကျင်းပသည့် တိုင်းဒေသကြီးအဆင့် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနေမှုတို့အား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း ဗုဒ္ဓအသံဓမ္မဗိမာန်၌ ကျင်းပနေသည့် တိုင်းဒေသကြီးအဆင့် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ အဆင့်မြင့်ပညာအဆင့် အဆို (မဟာဂီတ) ပြိုင်ပွဲဝင် မအိမ့်မှူးခင်နှင့် မဟေမာန်ကျော်တို့မှ "ပပဝင်းဝင်း" သီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်နေမှုအားလည်းကောင်း၊ ရှင်စောပုလမ်း သီရိဟံသာခန်းမ၌ ဝါသနာရှင်ဒုတိယအဆင့် မယ်ဒလင်အတီးပြိုင်ပွဲဝင် ဦးစန်းဝင်း၊ ဦးရမ်းကျော်နှင့် ဦးသန်းရှိန်တို့မှ "ပန်းဟောဝန်" သီချင်းဖြင့် မယ်ဒလင်အတီးပြိုင်ပွဲဝင်နေမှုနှင့် ဦးသန်းရှိန်၏ ဝါသနာရှင်ဒုတိယအဆင့် ဂီတာအတီးပြိုင်ပွဲတွင် လက်စွမ်းပြတီးခတ်မှုအားလည်းကောင်း ကြည့်ရှုအားပေးခဲ့ပြီး ဒိုင်အဖွဲ့များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ဟံသာဝတီရပ်ကွက် မြို့တော်ခန်းမ၌ တိုင်းဒေသကြီးအဆင့် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် အခြေခံပညာအဆင့် (၁၅-၂၀) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ညောင်လေးပင်ခရိုင်မှ မတုံတုံနှင့်အဖွဲ့၊ ပဲခူးခရိုင်မှ မောင်ဒီဇင်ဘာဒိုးလေးနှင့်အဖွဲ့၊ ပဲခူးခရိုင်မှ အဆင့်မြင့်ပညာအဆင့် ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲဝင် မမိုးပြည့်ပြည့်နိုင်တို့၏ လက်စွမ်းပြ ယှဉ်ပြိုင်တီးခတ်နေမှုတို့အား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအဆင့် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအား ဗုဒ္ဓအသံဓမ္မဗိမာန်၌ အဆိုပြိုင်ပွဲနှင့် အရေးပြိုင်ပွဲအားလည်းကောင်း၊ သီရိဟံသာခန်းမ၌ အတီးပြိုင်ပွဲအားလည်းကောင်း၊ မြို့တော်ခန်းမ၌ ဆိုင်းအတီးပြိုင်ပွဲနှင့် အကပြိုင်ပွဲအားလည်းကောင်း စုစုပေါင်းပြိုင်ပွဲဝင် ၂၆၃ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# AYA Pay Futsal Championship 2024 ပြိုင်ပွဲ ရှုံးထွက်အဆင့် ပွဲစဉ်များ ယှဉ်ပြိုင်ကစား

ရန်ကုန် စက်တင်ဘာ ၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်များကို ယနေ့နံနက် ၉နာရီမှ စတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadium ၌ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲကို လိဂ်(၁)ကလပ်အသင်း ကိုးသင်း၊ လိဂ်(၂)ကလပ်အသင်း ကိုးသင်း၊ မန္တလာလိဂ်မှ ကလပ်အသင်း နှစ်သင်း၊ ၂၀၂၄ အပျော်တမ်းပြိုင်ပွဲမှ ကလပ်အသင်း ၁၂ သင်းဖြင့် ကျင်းပနေခြင်းဖြစ်သည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်များအဖြစ် ယနေ့နံနက် ၉နာရီခွဲတွင် VUC FCအသင်းနှင့် Generations FC အသင်းတို့ကစားခဲ့ရာ VUC FC အသင်းက ၅ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီ ၁၅မိနစ်တွင် M2K FC အသင်းနှင့် Futsal 19 FCအသင်းတို့ကစားခဲ့ရာ Futsal 19 FC အသင်းက သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကြသည်။

အလားတူ မွန်းလွဲ ၁နာရီတွင် Seven FC အသင်းနှင့် 7 Brother FCအသင်းတို့ကစားခဲ့ရာ Seven FC အသင်းက ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် YRG FCအသင်းနှင့် MIU FCအသင်းတို့ကစားခဲ့ရာ MIU FCအသင်းက ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြကြောင်း သိရသည်။


စည်သူအောင်

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိသည်။

(မိုး/ဇလ)




# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့်၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့်ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့်ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ye Yan" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဟံသာဝတီရပ်ကွက်နေ ရဲရင့်(ခ)ရဲယံနှင့် "Pyae Sone Oo" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်နေ ပြည့်စုံဦးတို့အား နံနက် ၁၁ နာရီ ၂၀ မိနစ်တွင်လည်းကောင်း၊ "Ko Ko Shwe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ထိန်းတပ်ကျေးရွာနေ မင်းလွင်အား ည ၆ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "အမေ့သမီးလေး" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ပြည်ကြီးတံခွန်မြို့နယ်၊ (၌)ရပ်ကွက်နေ ခိုင်ဦးအား ည ၆ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "@naingnaing 68922" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ မြစ်သားမြို့နယ်၊ သစ်တက်ကုန်းကျေးရွာနေ လှနိုင်ဦး(ခ)တရုတ်ကြီးအား ည ၆ နာရီခွဲတွင်လည်းကောင်း၊ "Kaung Htet" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်နေ ကောင်းပြည့်ဦး(ခ)ကောင်းကောင်းအား ည ၉ နာရီတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


# တရားမဝင် သစ်မျိုးစုံ၊ ဓာတုပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။


မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။


ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။


မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် စက်တင်ဘာ ၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **စက်တင်ဘာလ ၁ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၁၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၃၅၀၅၆၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၈၉၂၀၀)ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၂)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၇၀၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၁၃၂၆၉၁) နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၅၄၂၄၅၁)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **စက်တင်ဘာလ ၂ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၆၁၀၀၀)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hilux မော်တော်ယာဉ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၆၉၅၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျွဲတပ်ဆုံဂိတ်နှင့်ဘုရားငါးဆူရွာကြားရှိတောင်လေးလုံးရွာအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း(၄)မျိုးနှင့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၈၇၂၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့၊ မြို့ရှောင်လမ်းအနီး၌ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၈၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၅၉၇၇၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **စက်တင်ဘာလ ၂ ရက်**တွင် နေပြည်တော်ကောင်စီတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်(၂)စီးနှင့် မော်တော်ဆိုင်ကယ်(၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **စက်တင်ဘာလ ၂ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **စက်တင်ဘာလ ၃ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကန့်ဘလူမြို့၊ အမှတ်(၂)ရပ်ကွက်၌ တရားမဝင် အခြားသစ် (၄ ဒသမ ၉၄၉)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၇၇၈၆၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ မုံရွာမြို့နယ်အတွင်း၌ လိုင်စင်မဲ့ သုံးဘီးမော်တော်ဆိုင်ကယ်(၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၃၂၇၇၈၆၄)**ကိုဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **စက်တင်ဘာလ ၃ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ အင်းတကော်မြို့နယ်၊ ဝမ်းဘော်ဒတ်စစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိန်းချုပ်ဓာတုပစ္စည်း(၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **စက်တင်ဘာလ ၃ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ ကျော့ရွာအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၂၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံ-လှိုင်းဘွဲ့ကားလမ်းအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ လုပ်ငန်းသုံးပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၅၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sino Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၆၈၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာလ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၄၁)မှု၊(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၇၆၉၈၀၁၅)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

# ကလောနှင့် တာမွေမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာလ ၂ ရက် နံနက် ၉ နာရီခွဲတွင် ကလောမြို့နယ်၊ ရေယားကျေးရွာအနီးတွင် ထွန်းထွန်းဦး (ခ)ခေါင်းကြီးမောင်းနှင်ပြီး သန့်ဇင်ထွန်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀ ကိုလည်းကောင်း၊ ထိုနေ့ ညနေ ၄ နာရီတွင် တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သမိန်ဗရမ်းလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ဝေထက်နိုင်(ခ)မင်းထက်နှင့် ထွန်းထက်ဟိန်း(ခ)မောင်ထွန်းတို့ ၂ ဦးကို စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီ မိနစ် ၂၀ တွင် တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်ရှိ မိုတယ်တွင် မဇင်မင်းအောင် (ခ)ဇင်လေးနှင့် မဆုရည်မွန် (ခ)မေသဇင်လှိုင်တို့ ၂ ဦးကို စိတ်ကြွရူးသွပ်ဆေးပြား ၁၄၂၀၀ နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**


ဝေထက်နိုင်(ခ)မင်းထက်၊ ထွန်းထက်ဟိန်း(ခ)မောင်ထွန်း၊ မဇင်မင်းအောင်(ခ)ဇင်လေးနှင့် မဆုရည်မွန်(ခ)မေသဇင်လှိုင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၄-၉-၂၀၂၄(ဗုဒ္ဓဟူးနေ့)

- ၁။ ၀၉:၀၀ Market News
- ၂။ ၁၁:၅၀ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်
- ၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
- ၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
- ၅။ ၁၅:၃၅ Happy Zone
- ၆။ ၂၁:၄၀ ချောက်ချောက်ချားချား ဖြစ်ရပ်များ


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ခွာညိုပန်းအပိုင်းအနီး၊ဇဝနသီဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၁၈၁၊ ၀၆၇ ၄၄၃၅၁၈၂၊၀၆၇ ၄၄၃၅၁၈၅၊ ၀၆၇ ၄၄၃၅၁၈၄၊ Fax - ၀၆၇ ၄၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး ဝိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
RHINO
PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့....
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
Fluoride
ပါဝင်သောကြောင့်
သွားများကို ဖြူဖွေး
တောက်ပစေပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC

❖ **လက်ရှိနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို အဘက်ဘက်က ပျက်ယွင်းအောင် လုပ်ဆောင်နေသော အဖျက်လုပ်ငန်းများကို ကာကွယ်လျက်ရှိသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့အစည်းများ၏ ရှေ့တန်းကျကျ ရဲဝံ့စွန့်စားစွာ တာဝန်ထမ်းဆောင်မှုများသည် သမိုင်းဝင် လုပ်ရပ်များဖြစ်. . .**

(တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ပြုလုပ်သော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၁/၂၀၂၄)တွင် ရှင်းလင်းတင်ပြမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၈)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA )ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြား

## ပါတီစုံဒီမိုကရေစီစနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရာတွင် စည်းကမ်းစနစ်ကျနသည့် လူ့အဖွဲ့အစည်း၊ အသိုက်အဝန်းကိုပုံဖော်ပေးရန်လိုပြီး ဥပဒေကို လူတိုင်းသိရှိလိုက်နာရမည်ဖြစ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပိုးရယ်အောင်သိန်း၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမျိုးသန့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ★**

